**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလ တည်းဟူသောအနံ့သည် အတုမရှိထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၅၂)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
၂၀၂၆ ခုနှစ်၊ ဧပြီ ၅ ရက်၊ တနင်္ဂနွေနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် မစ္စစ် ရိုဆာရီယို မူရီလိုတို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် မစ္စစ် ရိုဆာရီယို မူရီလိုတို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့လာပါသည်။

မာနာဂွါမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

အဆွေတော်
ဦးမင်းအောင်လှိုင်
ရွေးကောက်ခံသမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ညီညွတ်ရေးအစိုးရနှင့် ပြည်သူများကိုယ်စား မိမိမှဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြလိုပါသည်။

အခါအခွင့်ကြုံခိုက် မိမိတို့နှစ်နိုင်ငံအကြား တည်ရှိနေသည့် ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို ဆက်လက်ခိုင်မာအောင် လုပ်ဆောင်သွားမည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။ မိမိတို့၏ပြည်သူများအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ကျန်းမာသုခနှင့်ဖွံ့ဖြိုးတိုးတက်ရေးများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍ အစဉ်အမြဲလွတ်လပ်သော နီကာရာဂွါနိုင်ငံရှိ ပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ညီရင်းအစ်ကိုပမာ နွေးထွေးစွာနှုတ်ခွန်းဆက်သပါကြောင်း ပြောကြားလိုပါသည်။

**ဒန်နီရယ် အော်တီဂါ ဆာဗေဒရာ** — **ရိုဆာရီယို မူရီလို**

## ကချင်ပြည်နယ်၊ မြစ်ကြီးနားလေဆိပ်၌ လေကြောင်းလိုင်းများဆင်းသက်မှု ရက်ပေါင်း ၄၀ ကျော် ရပ်နားထားခဲ့ပြီး ယနေ့မှစ၍ ပြန်လည်ပြေးဆွဲ

မြစ်ကြီးနား ဧပြီ ၄

ကချင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးတွင် အဓိကကျသည့် လေကြောင်းလိုင်းပြေးဆွဲမှုများကို ဖေဖော်ဝါရီလ ၂၁ ရက်မှစတင်၍ ရပ်နားထားခဲ့ရာမှ ယနေ့ ဧပြီလ၄ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားလေဆိပ်၌ ခရီးသည်တင်လေကြောင်းလိုင်းများစတင်၍ ပြန်လည်ပြေးဆွဲနေပြီဖြစ်သည်။ **စာမျက်နှာ ၁၄ ကော်လံ ၄** ■



**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များထုတ်ပြန်**

စာ - ၅ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၅ ရက်)

# ကြွယ်ဝသောအတွေ့အကြုံနှင့်ကျွမ်းကျင်ပိုင်နိုင်မှုရှိသော နိုင်ငံ့ခေါင်းဆောင်

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သာယာဖြောင့်ဖြူးရေးအတွက် လိုအပ်သည်မှာ အစိုးရနှင့်ပြည်သူ ညီတူလက်တွဲဆောင်ရွက်နိုင်မှုဖြစ်သည်။ မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးခြင်းနှင့်အတူ ပြည်သူများရွေးချယ်တင်မြှောက်လိုက်သောပြည်သူ့ကိုယ်စားလှယ်များ ပေါ်ပေါက်လာပြီဖြစ်သည်။ အဆိုပါလွှတ်တော်ကိုယ်စားလှယ်များကတစ်ဆင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်ကိုထမ်းဆောင်နိုင်မည့်သူများကို ထပ်မံရွေးချယ်ပေးကြရသည်။ ၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်ကကျင်းပသည့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒုတိယသမ္မတများအဖြစ် ဦးညိုစောနှင့်ဒေါ်နန်းနီနီအေးတို့ကို ရွေးချယ်တင်မြှောက်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ဧပြီလ ၃ ရက်တွင်ပေးပို့ခဲ့သည်။ အဆိုပါသဝဏ်လွှာတွင် " ရုရှား-မြန်မာဆက်ဆံရေးသည် သဘာဝအရ ရင်းနှီးပွင့်လင်းသောဆက်ဆံရေးဖြစ်ကြောင်းကို ပြီးခဲ့သည့်နှစ်က မော်စကိုမြို့တွင်ပြုလုပ်ခဲ့သော မိမိတို့၏တွေ့ဆုံဆွေးနွေးမှုများက ထပ်လောင်းအတည်ပြုပေးခဲ့ပါသည်။ အဆွေတော်၏သမ္မတသက်တမ်းအတွင်း နှစ်နိုင်ငံပြည်သူများ၏အကျိုးစီးပွားအတွက်လည်းကောင်း၊ အာရှ-ပစိဖိတ်ဒေသ၏တည်ငြိမ်ရေးနှင့် လုံခြုံရေးကိုခိုင်မာစေရန်အတွက်လည်းကောင်း အပြုသဘောဆောင်သည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးတက်လာမည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်" ဟူ၍ ဖော်ပြပါရှိသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်ကလည်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ရာတွင် "တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် တောင်နှင့်ရေချင်းထိစပ်နေသည့် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး ကျွန်ုပ်တို့၏ပြည်သူနှစ်ရပ်သည် ရှေးယခင်ကတည်းကတည်ရှိခဲ့သော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကိုခံစားကြရပါသည်။ နှစ်ဖက်စလုံးသည် အတူတကွလက်ကိုင်ထားသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး အခြေခံမူကြီး(၅)ချက်၏စိတ်ဓာတ်ကို လက်ခံကိုင်စွဲထားကာ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ထိန်းသိမ်းထားရှိပြီး အပြန်အလှန်လိုအပ်နေချိန်များတွင်လည်းကောင်း၊ အဓိကအကျိုးစီးပွားများနှင့်အရေးကြီးသောကိစ္စရပ်များတွင်လည်းကောင်း အခိုင်အမာထောက်ခံအားပေးခဲ့ကြသည်မှာ အေးအတူပူအမျှဖြစ်သော တရုတ်-မြန်မာအနာဂတ်ကံကြမ္မာ အတူတကွဖော်ဆောင်သည့် လူ့အဖွဲ့အစည်း၏ နက်ရှိုင်းသောအဓိပ္ပာယ်ဖွင့်ဆိုချက်ကိုအပြည့်အဝဖော်ပြနေပါသည်" ဟူ၍ ဖော်ပြပါရှိသည်။

ထို့အတူ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန့်ကိုကလည်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ခဲ့ရာတွင် "အဆွေတော်၏ကြွယ်ဝသောအတွေ့အကြုံ၊ ကျွမ်းကျင်ပိုင်နိုင်မှုနှင့် အရည်အသွေးများသည် မြန်မာနိုင်ငံကို အဆွေတော်ဦးဆောင်ရာတွင် နိုင်ငံတည်ငြိမ်ရေးနှင့် လူမှုစီးပွားတိုးတက်ရေးတို့ကို အောင်မြင်စွာစွမ်းဆောင်နိုင်မည်ဟု မိမိယုံကြည်ပါသည်။ ပြီးခဲ့သည့်နှစ်အတွင်းက ဘယ်လာရုစ်-မြန်မာဆက်ဆံရေး၏ တက်ကြွစွာသက်ဝင်လှုပ်ရှားနေမှုများကို မိမိအနေဖြင့် ဝမ်းမြောက်စွာအမှတ်ရမိပါသည်။ နိုင်ငံတော်အဆင့်နှင့် အဆင့်မြင့်ပုဂ္ဂိုလ်များ၏ခရီးစဉ်များ၊ နိုင်ငံတကာမျက်နှာစာတွင် ထိတွေ့ဆက်ဆံမှုများ၊ နှစ်နိုင်ငံအခမ်းအနားများ၊ လက်မှတ်ရေးထိုးခဲ့သောစာချုပ်စာတမ်းများသည် နိုင်ငံရေး၊ ကုန်သွယ်ရေးနှင့်စီးပွားရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် အခြားနယ်ပယ်များ၌ နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရာတွင် အခွင့်အလမ်းသစ်များကိုဖော်ထုတ်နိုင်ခဲ့ပါသည်" ဟူ၍ ဖော်ပြပါရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရကြောင်း သတင်းရလျှင်ရချင်း မြန်မာနိုင်ငံ၏ကောင်းကျိုးကိုလိုလားသည့် ပြည်ပနိုင်ငံများမှနိုင်ငံ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများကိုပေးပို့ကြသည်။ ဤဖော်ပြချက်မှာ ဧပြီလ ၄ ရက်သတင်းစာများတွင်ဖော်ပြပါရှိသောသတင်းများမှ ကောက်နုတ်ချက်မျှသာဖြစ်သည်။ ဒုတိယသမ္မတများရွေးချယ်ခံရခြင်းနှင့်ပတ်သက်၍လည်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့ခဲ့ကြသည်။

အဝေးမှမိတ်ဆွေနိုင်ငံ့ခေါင်းဆောင်များကလည်း အားရဝမ်းသာသဝဏ်လွှာများပေးပို့ခြင်းနှင့်အတူ ပြည်တွင်းရှိအသင်းအဖွဲ့များကလည်း အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။ အဆိုပါထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုကြသည်။

မြန်မာနိုင်ငံ၏အနာဂတ်တွင် မြန်မာပြည်သူများ၏စိတ်ဆန္ဒနှင့်အညီ၊ ပြည်ပနိုင်ငံခေါင်းဆောင်များ၏ မျှော်လင့်ချက်နှင့်အညီ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် မဲအရေအတွက် ၄၂၉ မဲဖြင့်ရွေးချယ်ပေးခဲ့ခြင်းမှာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ပိုမိုပီပြင်အောင်မြင်စွာဆောင်ရွက်နိုင်သူကိုရွေးချယ်ခြင်းဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# အင်းလေးရေပေါ်သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ညောင်ရွှေ ဧပြီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးရေလယ်ဧည့်ခန်းမ၌ မဟာသင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့ထိ အင်းလေးရေပေါ်မဟာသင်္ကြန်ပွဲတော်ကြီးကို လေးရက်တိုင်တိုင် ရိုးရာအစဉ်အလာများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အင်းလေးရေပေါ်သင်္ကြန်ပွဲတော်ကြီးတွင် ဂီတပညာရှင်များနှင့် အင်းလေးဒေသအတွင်းရှိ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ယိမ်းအကအဖွဲ့များ၏အကအလှများ ပါဝင်မည်ဖြစ်ပြီး ပျော်ရွှင်စွာရေကစားနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်အပန်းဖြေနိုင်ရန်၊ ခရီးသွားလုပ်ငန်းကို တိုးမြှင့်နိုင်ရန်နှင့် တစ်မူထူးခြားသည့် အင်းသားတိုင်းရင်းသားတို့၏ ဓလေ့စရိုက်များကိုဖော်ထုတ်ပြသနိုင်ရန်ရည်ရွယ်၍ အင်းလေးရေပေါ်သင်္ကြန်ပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(၄၀၅)

# ပေါက်ခေါင်းမြို့နယ်၌ အသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲကျင်းပ

ပေါက်ခေါင်း ဧပြီ ၄

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ဧပြီလ ၄ ရက်တွင် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲများကို ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး စသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ဗဟုသုတရရှိစေမည့် နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်စာစောင်များကိုပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကျောင်းသားလူငယ်များနှင့် မြို့နေပြည်သူများ အသိပညာဗဟုသုတများ ရရှိစေရန်အတွက် အသိပညာပေးဟောပြောပွဲများ၊ နံရံကပ်စာစောင်ပြပွဲများနှင့် အသိပညာပေးအစီအစဉ်များကို ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

မြစ်သား ဧပြီ ၄

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြိုင်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီလ ၄ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်အတူ မြိုင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့ကောင်းမွန်အောင်ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ မြိုင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၇၇ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၈ ဒသမ ၇၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပခုက္ကူမြို့နယ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်




ပခုက္ကူ ဧပြီ ၄

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ဧပြီလ ၁၃ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း လွတ်လပ်ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်များ၌ ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်တည်ဆောက်ခြင်း၊ လမ်းလျှောက်သင်္ကြန်ကျင်းပခြင်း၊ ယိမ်းအကအလှများဖြင့်ဖျော်ဖြေခြင်း၊ စတုဒိသာမဏ္ဍပ်တည်ဆောက်၍ စတုဒိသာဧည့်ခံကျွေးမွေးခြင်း၊ မြန်မာနှစ်ဆန်း(၁)ရက်နေ့တွင် တန်ခိုးကြီးဘုရားများရှိ ရုပ်ပွားတော်များနှင့်စေတီပုထိုးများအား ရေသပ္ပာယ်ပူဇော်ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ခြင်းတို့ဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ကျင်းပမည်ဖြစ်သည်။

အဆိုပါအတာသင်္ကြန်ပွဲတော်ကို ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ဗဟိုမဏ္ဍပ်ကြီးတစ်ခု၊ လမ်းလျှောက်ရေကစားမဏ္ဍပ် ၁၅ ခု၊ စတုဒိသာ ၁၆ ခုတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ်စုံစမ်းမေးမြန်းခြင်းနှင့်သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မြတ်နိုးဖွယ်ရာမြန်မာကဗျာ

### ချစ်ခင်ပန်း

❀ မေတ္တာ ချစ်ပန်း၊ ပွင့်လန်း သန့်ရှင်
စာဆို့ရင်ထဲ၊ အမြဲ ထာဝစဉ်
ပန်ဆင် ကြူမွှေး၊ ခွင့်ပေး သည်ပင်
မပန်လဲ၊ စိတ်ထဲမငြိုငြင်။

❀ မိုးပေါ် ငွေလ၊ ရွှန်းပသည့်သွင်
ငွေကြယ် စိန်ပြောက်၊ ထွန်းတောက်သည်ပင်
ပိုးစုန်းငယ်လဲ၊ မြိုင်ထဲ ပျော်ရွှင်
အလှများ၊ အင်အားကိုယ်စီပင်။

❀ ပေးယူ တူမျှ၊ ရကြစေချင်
ကိုယ်ပြုသည်က၊ ကိုယ့်ဘဝကံပင်
ဉာဏ်စဉ် နိမ့်မြင့်၊ တွေးချင့် ဆင်ခြင်
ရှေ့ခရီး၊ ဝေးနီးအမှန်မြင်။

❀ လောကတဝှမ်း၊ ငြိမ်းချမ်းစေချင်
ကဗျာ ချိုအေး၊ ဖွဲ့ရေးသီဆင်
လေးပေ့ါ တိမ်နက်၊ ချိန်စက်စေချင်
ကဗျာတော၊ သာမောကာရန်ဆင်။

❀ ဘဝခရီး၊ နီးဝေး ဆင်ခြင်
နေဝင် မီးငြိမ်း၊ ပွဲသိမ်းမည်ပင်
မောဟ မှောင်တော၊ နစ်မျောနေလျှင်
နွှေအရောက်၊ ကြွေခြောက်ရွက်ဝါသွင်။

❀ ချစ်ခြင်းကိုရှု၊ ကြောင်းပြုမြော်မြင်
ကဗျာတစ်ပုဒ်၊ ရေးထုတ်ဆင်ယင်
မိတ်ဆွေတို့တွက်၊ မပျက်သန့်ရှင်
ချစ်ခင်ပန်း၊ ပွင့်လန်းစာဆို့ရင်။ ။

**မြင်းမူမောင်နိုင်မိုး**

## MWD Education, Knowledge & Sports Channel

၅-၄-၂၀၂၆ (တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၃၅ | အားကစားသုတ<br>တပ်မတော်အခြေခံအားကစားမိတ်ဆက် |
| ၂။ | ၁၁:၀၅ | Sport Icon<br>အောင်ခိုင်လင်း(ဗိုဗီနမ်) |
| ၃။ | ၁၉:၀၅ | သတိမမူ ဂူမမြင်<br>အာဟာရပြည့်ဝသော ထမင်းတစ်နပ်ဖြစ်စေဖို့ |

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၄-၂၀၂၆ (တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၆:၄၀ | မေတ္တာပို့ |
| ၃။ | ၀၇:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ | ၀၇:၃၀ | ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ |
| ၅။ | ၀၈:၅၀ | မောင်မယ်လေးများသိစေချင် |
| ၆။ | ၀၉:၂၀ | အမှတ်တရနေ့ရက်များ |
| ၇။ | ၁၀:၁၀ | နိုင်ငံတကာသတင်း |
| ၈။ | ၁၀:၃၀ | စာပေနှင့်အနုပညာသတင်း |
| ၉။ | ၁၀:၄၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၀။ | ၁၁:၂၀ | အတွေးအမြင် |
| ၁၁။ | ၁၃:၁၀ | လေးစားအတုယူစံနမူသူရဲကောင်းများ |
| ၁၂။ | ၁၃:၄၀ | ဝေမျှဆွေးနွေးလူငယ့်အရေး |
| ၁၃။ | ၁၅:၄၀ | ဇာတ်လမ်းတို |
| ၁၄။ | ၁၇:၃၀ | သုတရသစုံလင်ဗဟုသုတပုံပြင် |
| ၁၅။ | ၁၈:၃၀ | ပြည်သူ့ကြားကပြည်သူ့စကား |
| ၁၆။ | ၁၉:၀၀ | CGTN NATURE(3) |
| ၁၇။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

# အရိပ်

မစန္ဒာ

**ယမန်နေ့မှအဆက်**

သူ၏ထူးဆန်းလှသောကံကြမ္မာကို အံ့သြနေသည်။ မင်းသားဖြစ်ချင်သူတွေ ရိုက်သတ်၍ပင်မကုန်နိုင်ဟု အယ်မာထွေးက ပြောခဲ့သည်။ သို့သော် သူကမူ မင်းသားမဖြစ်ချင်ပေ။ ဖြစ်ဖို့ရာလည်း စိတ်မပါ၊ စိတ်လည်းမကူးမိချေ။ သို့သော် စုလှိုင်ပြောသလို တစ်ကွက်နှစ်ကွက် စမ်းကြည့်ရကောင်းမလားဟူ၍မူ စဉ်းစားလာမိသည်။

'စုလှိုင် ကိုက်ထားတာသိပ်နာနေတယ်'

'ဆောရီးပဲကွယ်'

'ကျွန်တော့်စေတနာကို စု သဘောမပေါက်ဘူး'

စုလှိုင်သည် ဘာမှပြန်မပြောဘဲ ငြိမ်နေလေသည်။ ညီလင်းက ထပ်ပြောသည်။

'တကယ်ပြောတာပါ စု၊ အချိန်မနှောင်းခင် ဖြတ်ဖို့ကြိုးစားပါကွာ'

'အချိန်နှောင်းနေရင်ကော'

'မနှောင်းသေးပါဘူးစုရယ်'

'စု စွဲနေပြီ ညီလင်း၊ မသောက်ဘဲ မနေနိုင်တော့ဘူး'

စုလှိုင်က ရှိုက်သံနှင့်ပြောသည်။

'စွဲရင်လည်း ပြတ်အောင်ဖြတ်'

'ဒီလိုဆို ရေတိမ်တိမ်လေးမှာ နစ်လိမ့်မယ်၊ သေလိမ့်မယ်၊ သိလား'

'သေပါစေကွယ်၊ သေတော့ရော ဘယ်သူ့ငိုမှာမို့လဲ'

စုလှိုင် ဖုန်းချသွားသည်။ ညီလင်းသည် ထိုနေရာ၌ပင်ဆက်၍ အတန်ကြာအောင် ရပ်နေမိလေသည်။ ငိုင်တွေတွေဖြစ်နေသော သူ့ကို ဖေဖေက အကဲခတ်သလို လှမ်းကြည့်နေသည်။ ညီလင်းက အသက်ပြင်းပြင်းရှူလိုက်ကာ လှမ်းမေးလိုက်သည်။

'ကျွန်တော် ရုပ်ရှင်မင်းသားလုပ်ရင် ဖေဖေသဘောကျမှာလားဟင်'

သူ့ဖခင်က အဖြေမပေးချေ။ ရှူးကြောင်ကြောင်သတ္တဝါတစ်ကောင်ကို ကြည့်သလို လှမ်းကြည့်နေသည်။ ညီလင်း၏စကားကို ယုံကြည့်ဟန်မရှိချေ။

■ ■ ■ ■ ■

**"တင်ထွန်းမောင်သည် ရွှံ့ညွန်ထဲတွင် ခုန်ပျံနေသောငါးပျံလေးများကို ငေးကြည့်နေသည်။ ဖောင်စီးကဏန်းလေးများသည်လည်း ရွှံ့ညွန်ပေါ်တွင် ခြေကားရား၊ လက်ကားရားဖြင့် ပြေးနေကြလေသည်။ တွင်းသေးသေးလေးများထဲသို့ ဝင်သွားလိုက်၊ ပြန်ထွက်လာလိုက်နှင့် ဘာတွေများ အလုပ်များနေကြသနည်း မသိရချေ။ သူတို့အလုပ်နှင့် သူတို့တော့ ရှုပ်နေကြသည်ဖြစ်သည်။ ရွှံ့ညွန်နှင့်မြေအစပ်တွင်မူ ခရာပင်များ စီတန်းပေါက်နေသည်။ ခရာရွက်ချွန်ချွန်လေးများသည် ဝင်လုဆဲနေရောင်ခြည်ဝယ် စိမ်းမြတောက်ပနေသည်. . ."**

၃၊ ၄၊ ၇၄

ကိုကိုရာ

ကံကြမ္မာဆိုတာ တကယ်ဆန်းကြယ်တာပဲ၊ တကယ်လို့ ရထားသာမှောက်ခဲ့ရင်၊ တကယ်လို့ မှောက်ဦးတော့ ဦးသာလှိုင်ရွေးထားတဲ့မင်းသားသစ်က ပါမသွားခဲ့ရင်၊ ကျွန်တော်လည်း စုလှိုင်ဆီကို မသွားဖြစ်ရင်၊ သွားဖြစ်ဦးတော့ ဦးသာလှိုင် ရပ်ကြည့်နေတာကိုသိရင် ကျွန်တော်က ကင်မရာရှေ့ရောက်ဖို့ရာ အကြောင်းဘယ်ရှိမလဲ၊ ကျွန်တော့်အသံ၊ ကျွန်တော့်အမူအရာက သူ့ဇာတ်လမ်းနဲ့ အင်မတန်ကို အံဝင်နေတယ်တဲ့လေ၊ ဟား ဟား။

ဒါပေမဲ့ ကိုကိုရာ၊ ကျွန်တော်မင်းသားမဖြစ်ပါဘူး၊ ကျွန်တော်သာ ကင်မရာကို မကြောက်ရင်၊ ကပ်စေးစေးမိတ်ကပ်အထူကြီးကို လိမ်းနိုင်ရင်၊ ကိုယ့်မျက်နှာကို မှန်တွေ၊ မီးတွေ တအားထိုးနေတဲ့ကြားထဲက အမူအရာလုပ်တတ်ရင်တော့ ညီလင်းညိုဆိုတဲ့ကောင် ရုပ်ရှင်မင်းသားများ ဖြစ်မလားမသိဘူး၊ ခုတော့ တစ်ကွက်စမ်းရိုက်ပြီးတာနဲ့ သူလည်း စိတ်ပျက်၊ ကျွန်တော်လည်း စိတ်ပျက်ပဲ။

သူဆိုတာ ဦးသာလှိုင်ကို ပြောတာပါ၊ တကယ်စေတနာမပါဘဲနဲ့ ပညာပေးကားရိုက်မယ်ကြံနေတဲ့သူလေ၊ ငွေနောက်ကို သဲကြီးမဲကြီးလိုက်နေတဲ့သူလေ။

■ ■ ■ ■ ■

မရှုချင်၍လည်း တခြားရှုစရာ လေမရှိပေ။

ပြုတ်ဆန်နံ့သည် အောက်သိုးသိုးနှင့်မို့ အခံရဆိုးလှသည်။ ကမ်းနားတစ်လျှောက်လုံးတွင် ထိုအနံ့ စုန်ကာဆန်ကာပြေးလွှားနေလေသည်။

'ဆိုးလိုက်တဲ့အနံ့ဗျာ'

'မဆိုးပါနဲ့ကွာ၊ ဒါနဲ့ပဲ ငါတို့တွေ နိုင်ငံခြားငွေရနေတာ ကြည့်ပါလား'

ပြုတ်ဆန်များလာရောက်တင်ယူနေသော နိုင်ငံခြားသင်္ဘောကြီးများသည် ကြီးမားလှချေသည်။ ပုသိမ်ဆိပ်ကမ်းတွင် ကျောက်ချကပ်ထားသည်။ ဆန်များတင်ပြီးလျှင် ပင်လယ်သို့ ပြန်လည်ထွက်ကြရမည်ဖြစ်သည်။

'အဟဲ ဟုတ်သားပဲ၊ ဒါတွေတင်စရာရှိလို့ သင်္ဘောက ဒီကမ်းလာတာ၊ သင်္ဘောက ကမ်းကပ်လို့လည်း ကျွန်တော် ပစ္စည်းဝယ်လို့ရတာ၊ အကျိုးနဲ့အကြောင်းက ဒီလိုရှိတာပဲ'

တင်ထွန်းမောင်က ပြောပြီးရယ်လေသည်။ သူသည် ယခင်တုန်းကအတိုင်းပင်ဖြစ်သည်။ ရုပ်သဏ္ဌာန်အားဖြင့် လုံးဝမပြောင်းလဲပေ။ ပါဝါမျက်မှန်က အတန်ငယ်ပို၍ထူလာသည်သာ ပြောင်းလဲလာသည်ထင်သည်။ သို့သော်လည်း အတွင်းစိတ်ပိုင်းဆိုင်ရာကမူ အတော်ကြီးပြောင်းလဲနေပြီဖြစ်လေသည်။ စီးပွားရေးဘက် စိတ်ရောက်ကာ စီးပွားရေးသမားဖြစ်နေချေပြီ။ ပုသိမ်တွင် နိုင်ငံခြားသင်္ဘောများကပ်တိုင်း သူရောက်လာလေ့ရှိသည်။ သင်္ဘောသားတို့ပါလာသော ရေဒီယို၊ ခေါက်ထီး၊ အဝတ်စများကို ဝယ်ယူသည်။ တစ်ခါတစ်ရံ ငွေဖြင့်ဝယ်သည်။ တစ်ခါတစ်ရံ ကျောက်ဖြင့်ဝယ်သည်။ ပုသိမ်လမ်းသည် မော်လမြိုင်လမ်းလို နာမည်မကြီးချေ။ သင်္ဘောသားပေါင်းစုံဆီမှဝယ်သောပစ္စည်းများမို့ အမျိုးပေါင်းစုံသည်။ တစ်မျိုးတည်း အများကြီးလည်းမရချေ။ ထို့ကြောင့် သူ ရန်ကုန်ပြန်လျှင် မှောင်ခိုပစ္စည်းများ ပါသွားသော်လည်း မှောင်ခိုကုန်သည်နှင့်တော့မတူပေ။ နိုင်ငံခြားပစ္စည်းကို ကိုယ်သုံးအဖြစ် ပေါပေါများများသုံးလေ့ရှိသူတစ်ဦးနှင့်သာတူသည်။

'ညီလင်းညိုကတော့ အတော်ခွကျတာပဲ၊ သူ့ရုပ်ကလည်း ဖြောင့်ဖြောင့်နဲ့ မင်းသားလုပ်ရင် မိနေမှာ'

'ငါတော့ သူ့ကို မင်းသားမလုပ်စေချင်ပါဘူးကွာ'

'ဘာဖြစ်လို့လဲ'

'ဒီကောင်က ကလေးစိတ်ကွ၊ ရင့်ကျက်သေးတာမဟုတ်ဘူး၊ ခုတစ်မျိုး၊ တော်ကြာတစ်မျိုး၊ ကားမရိုက်ဖြစ်တာတော်သေး၊ စမိပြီးမှ ဆက်မရိုက်ချင်ဘူးဆိုရင် ခက်မယ်'

'တစ်ကားလောက်ရိုက်တာတော့ ဘာဖြစ်လဲဗျာ၊ စိတ်မဝင်စားရင် ဆက်မရိုက်နဲ့ပေါ့၊ ကျွန်တော်နဲ့ တစ်ခါတွေ့တယ်၊ အမူအရာလုပ်ရတာလည်း ခက်တယ်တဲ့၊ မှန်ထိုး၊ မီးထိုးခံရတာလည်း စိတ်ညစ်တယ်ဆိုပြီး ချုံးပါအောင် ညည်းသွားတယ်၊ ကျွန်တော်သာ သူ့လိုရုပ်ချောရင် ဘယ်နေမလဲ၊ နာမည်ကြီးမင်းသားဖြစ်သွားမယ်'

'ရုပ်ရှင်ရိုက်တယ်ဆိုတာ ရုပ်တစ်ခုတည်းလိုတာမဟုတ်ဘူးကွ၊ အနုပညာအရည်အချင်းအပြည့်ရှိရတယ်၊ မင်းကောင်က ဇာတ်စင်ပေါ်တောင် တစ်ခါတက်ဖူးလို့လား၊ ဘာအမူအရာလုပ်တတ်လို့လဲ'

တင်ထွန်းမောင်သည် ရွှံ့ညွန်ထဲတွင် ခုန်ပျံနေသောငါးပျံလေးများကို ငေးကြည့်နေသည်။ ဖောင်စီးကဏန်းလေးများသည်လည်း ရွှံ့ညွန်ပေါ်တွင် ခြေကားရား၊ လက်ကားရားဖြင့်ပြေးနေကြလေသည်။ တွင်းသေးသေးလေးများထဲသို့ ဝင်သွားလိုက်၊ ပြန်ထွက်လာလိုက်နှင့် ဘာတွေများ အလုပ်များနေကြသနည်း မသိရချေ။ သူတို့အလုပ်နှင့်သူတို့တော့ ရှုပ်နေကြသည်ဖြစ်သည်။ ရွှံ့ညွန်နှင့်မြေအစပ်တွင်မူ ခရာပင်များ စီတန်းပေါက်နေသည်။ ခရာရွက်ချွန်ချွန်လေးများသည် ဝင်လုဆဲနေရောင်ခြည်ဝယ် စိမ်းမြတောက်ပနေသည်။

'နွေသူရိန်ကတော့ လျှောက်လွှာတစ်စောင်ကိုင်ပြီး အကုန်လိုက်လျှောက်တာပဲ၊ အခုတော့ အလုပ်ရသွားပြီ'

'ဘယ်မှာလဲ'

'သိပါဘူးဗျာ၊ ကုန်သွယ်ရေးလား၊ ဆောက်လုပ်ရေးလား၊ သမဝါယမလား တစ်ခုခုပဲ၊ သူလျှောက်တာကများတော့ ဘယ်မှာရသွားလဲ ကျွန်တော်လည်း မသိတော့ဘူး'

'ကဗျာမစပ်တော့ဘူးလား'

'အင်း၊ အရင်ကလောက်တော့ မစပ်တော့ဘူး၊ ဝတ္ထုရေးမယ်ပြောနေတယ်'

တင်ထွန်းမောင်ကရယ်သည်။ တကယ့်တကယ်တော့ သူတို့သုံးယောက်သည် လက်တွဲဖြုတ်လိုက်ပြီး ကိုယ့်လမ်းကိုယ်လျှောက်နေကြရပြီဖြစ်လေသည်။ တစ်ယောက်ကို တစ်လမ်းစီဖြစ်သည်။

'သူက ညီလင်းကို သိပ်အားကျနေတယ်၊ သူနဲ့နေရာချင်းလဲလိုက်ချင်တယ်တဲ့၊ ဟော၊ ဟိုမှာ မမသက်လိုက်လာပြီ'

သက်သက်က ထမင်းစားလိုက်ခေါ်ခြင်းဖြစ်သည်။ သမီးလေးကိုချီပြီး သူတို့ဆီသို့ ခပ်ဖြည်းဖြည်းလျှောက်လာသည်။ ဆည်းဆာရောင်ဖျော့ဖျော့ဝယ် သက်သက်၏ အပြုံးက တောက်ပနေလေသည်။ သူဝတ်ထားသော ထဘီအညိုရောင်လေးက လေထဲတွင်တဖျပ်ဖျပ်လွင့်နေ၍ လက်တစ်ဖက်ဖြင့်ထိန်းထားရသည်။

**ဆက်လက်ဖော်ပြပါမည်။**

## အောင်လံမြို့နယ်၌ သံဃာတော်များနှင့် သီလရှင်များအား စာအောင်ဆုနှင့် အောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကျင်းပ

အောင်လံ ဧပြီ ၄

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ၁၃၈၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသည့် သံဃာတော်များနှင့် သီလရှင်များအား စာအောင်ဆုနှင့် အောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဧပြီလ ၄ ရက်တွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး အောင်လံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ယင်းနောက် သက်ဆိုင်ရာတာဝန်ရှိသူများက အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်တော်မူခဲ့ကြသည့် သံဃာတော်များနှင့် သီလရှင်များအား အောင်လက်မှတ်များနှင့်စာအောင်ဆုများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်းနှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခြင်းများ ဆောင်ရွက်ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။



**အာကာ(ပြန်/ဆက်)**

## အိမ်တွင်းလက်မှု သိုးမွေးချည်ထိုးနည်းသင်တန်းဖွင့်လှစ်

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ နွေရာသီအိမ်တွင်းလက်မှု သိုးမွေးချည်ထိုးနည်းသင်တန်းကို ဧပြီလ ၃ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ တွံတေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းရီက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက နွေရာသီအားလပ်ရက်တွင် ကျောင်းသူများ၊ အမျိုးသမီးငယ်များ အိမ်တွင်းမှုအတတ်ပညာတတ်မြောက်၍ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားလာစေရန် လက်မှုပညာတစ်ခုဖြစ်သော အိမ်တွင်းလက်မှု သိုးမွေးချည်ထိုးနည်းသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် နည်းပြဆရာမ ဒေါ်မျိုးကလျာရွှေက လက်မှုအတတ်ပညာသည် မိသားစုဝင်ငွေတိုးမည့်လုပ်ငန်းဖြစ်သည့်အတွက် ကြိုးကြိုးစားစားလေ့လာသင်ယူကြရန်ပြောကြားပြီး ချည်ထိုးမည့် သင်ထောက်ကူပစ္စည်းများကို မိတ်ဆက်ပြသကာ အုန်းပင်စုရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးမြသောင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါအိမ်တွင်းလက်မှုသိုးမွေးချည်ထိုးနည်းသင်တန်းတွင် သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီလ ၂ ရက်မှ ၁၁ ရက်အထိဖြစ်ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း / အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းထုတ်ပြန်ချက်များ ထုတ်ပြန်

နေပြည်တော် ဧပြီ ၄

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မျိုးဆက်သစ်ဝံသာနုပါတီ၊ မြန်မာနိုင်ငံ ဟုတ်ကြန့်တရုတ်မျိုးနွယ်အသင်းချုပ်၊ မြန်မာပြည်ဖွား တရုတ်ကုသိုလ်ဖြစ်အသင်း၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဝိန်းကျိုးကုန်သည်ကြီးများအသင်းချုပ် Myanmar Wenzhou General Chamber of Commerce၊ မြန်မာနိုင်ငံဆိုင်ရာ အန့်ဟွေးကုန်သည်ကြီးများအသင်း၊ ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း၊ ကောင်းတုံကုန်သည်နှင့် လုပ်ငန်းရှင်များအသင်း၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်(MIIBF)၊ မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း(AMJSEDC)၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ်တို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးနှင့် အစိုးရအဖွဲ့သစ်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်သို့ ညင်သာအောင်မြင်စွာကူးပြောင်းနိုင်ပြီး ပြည်သူသာအမိ၊ ပြည်သူသာအဖ ဆိုသည့်မူဝါဒနှင့်အညီ ပြည်သူလူထု အမှန်တကယ်လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ''ကမ္ဘာမှာ မြန်မာဟေ့'' လို့ ရင်ပေါင်တန်းနိုင်ရန် အောင်မြင်စွာဖြတ်သန်းနိုင်ပြီး နာယကဂုဏ်(၆)ပါးနှင့်အညီ ကျင့်ကြံအုပ်ချုပ်နိုင်ပါမည်ဟု အပြည့်အဝအားကိုးယုံကြည်ပါကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း စသည်ဖြင့်ပါရှိကြောင်းသိရှိရသည်။

(၁၀၀)

## ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့တွင်ကျင်းပသော တတိယအကြိမ်မြောက် ပြည်ထောင်စုလွှတ်တော်၌ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အတွက် မျိုးဆက်သစ်ဝံသာနုပါတီမှ ဝမ်းမြောက်လှိုက်လှဲစွာကြိုဆိုဂုဏ်ပြုအပ်ပါသည်။

နိုင်ငံတော်သမ္မတကြီးနှင့်အစိုးရအဖွဲ့သစ်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်သို့ ညင်သာအောင်မြင်စွာကူးပြောင်းနိုင်ပြီး ပြည်သူသာအမိ၊ ပြည်သူသာအဖဆိုသည့်မူဝါဒနှင့်အညီ ပြည်သူလူထုအမှန်တကယ်လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် “ကမ္ဘာမှာ မြန်မာဟေ့” လို့ရင်ပေါင်တန်းနိုင်ရန် အောင်မြင်စွာဖြတ်သန်းနိုင်ပြီး နာယကဂုဏ်(၆)ပါးနှင့်အညီ ကျင့်ကြံအုပ်ချုပ်နိုင်ပါမည်ဟု အပြည့်အဝ အားကိုးယုံကြည်ပါသည်။

အစိုးရသစ်အနေဖြင့် တိုင်းပြည်ထာဝရငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့နှင့်အတူ တာဝန်ပေးအပ်ပါက သက်စွန့်ဆံဖျား ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားရန် မျိုးဆက်သစ်ဝံသာနုပါတီမှ အသင့်စောင့်ဆိုင်းနေပါသည်။

နိုင်ငံတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် ပြည်သူ့အကျိုး၊ ဘာသာ သာသနာအကျိုးကို အောင်မြင်စွာသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မျိုးဆက်သစ်ဝံသာနုပါတီ**
**၂၀၂၆ ခုနှစ်၊ ဧပြီလ (၃)ရက်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံဟုတ်ကြန့်တရုတ်မျိုးနွယ်အသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာပြည်ဖွား တရုတ်ကုသိုလ်ဖြစ်အသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် “မြန်မာနိုင်ငံဆိုင်ရာ ဝိန်းကျိုးကုန်သည်ကြီးများအသင်းချုပ်” Myanmar Wenzhou General Chamber of Commerce က အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာဝိန်းကျိုးကုန်သည်ကြီးများအသင်းချုပ်**
**Myanmar Wenzhou General Chamber of Commerce**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် “မြန်မာနိုင်ငံဆိုင်ရာ အန့်ဟွေးကုန်သည်ကြီးများအသင်း” က အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ အန့်ဟွေးကုန်သည်ကြီးများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဦးဆောင်မှုဖြင့်ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်လာမည်ဟု အခိုင်အမာယုံကြည်ပါသည်။

**ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုအောက်တွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံဆေးကောင်စီ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

**ကောင်းတုံကုန်သည်နှင့်လုပ်ငန်းရှင်များအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအသင်း(AMJSEDC)**

## မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းရှင်များ အသင်းချုပ်(MIIBF)ဂုဏ်ပြုသဝဏ်လွှာ

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေး၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်မှ အထူးလေးစားဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယင်းသို့နိုင်ငံတော်သမ္မတ တာဝန်ကိုအပ်နှင်းခံရခြင်းသည် နိုင်ငံတော်၊ ပြည်သူလူထုနှင့်တပ်မတော် အကျိုး နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်အကျိုးပြု၍ ခေါင်းဆောင်မှုပေးနိုင်သည်ကို ထူးကဲထင်ရှားစွာတွေ့မြင်နိုင်ပါသဖြင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာဆက်လက်ထမ်းဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

**မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**

## ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ် ဧပြီလ ၄ ရက်

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် **မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း**အနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ထက်မြက်သော ဦးဆောင်မှုဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကိုလည်းကောင်း၊ တပ်မတော်၏ဂုဏ်ဒြပ်နှင့် ကာကွယ်ရေးစွမ်းပကားကိုလည်းကောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဖော်ဆောင်နိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြည်ထောင်စုကြီး၏ အနာဂတ်သာယာဝပြောရေးတာဝန်အရပ်ရပ်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း လှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်းဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင်ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ၌ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်သမ္မတကြီးအနေဖြင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်အကျိုးပြု ခေါင်းဆောင်မှုပေးနိုင်ပါစေရန် ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ် ဧပြီလ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင်ကျင်းပသော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော အစိုးရအဖွဲ့သည် နိုင်ငံသားပြည်သူများအကြား ပိုမိုချစ်ခင်စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထူးတလည်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၄ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က တစ်ခဲနက်မဲပေးရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံ့တာဝန်များကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၄ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ(၃) ရက်နေ့တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာ**
**လုပ်ငန်းရှင်များအသင်း**


## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း (MSIA) က ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုအပ်ပါသည်။

မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း**

# အာမခံအလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါအကျိုးခံစားခွင့်များဆိုင်ရာ အသိပညာပေးဟောပြော



ကြို့ပင်ကောက် ဧပြီ ၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါအကျိုးခံစားခွင့်များဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီလ ၃ ရက်က မြို့နယ်လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်နီလာကျော်က လူမှုဖူလုံရေးကြေးပေးသွင်းနေသော အာမခံအလုပ်သမားများ၏ မကျန်းမာမှု၊ မီးဖွားမှု၊ ကိုယ်တိုင်မီးဖွားစရိတ်၊ ဖခင်ဘဝဖြစ်မှု၊ ဇနီးမီးဖွားစရိတ်၊ နာရေးစရိတ်၊ ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ ကျန်ရစ်သူပင်စင်နှင့်အမြဲတမ်းပညာသင်ကြားနေသောအာမခံအလုပ်သမားများ၏သား၊ သမီးများပညာသင်စရိတ်တို့ကို ပံ့ပိုးပေးလျက်ရှိသည့်အကြောင်းအရာများနှင့် ပတ်သက်၍ရှင်းလင်းဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်လူမှုဖူလုံရေးအဖွဲ့မှတာဝန်ရှိသူတစ်ဦးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

ပြင်ပ
အလင်းရောင်ကို
အသုံးချပါ၊
မလိုအပ်သော
အိမ်တွင်း
လျှပ်စစ်မီးများကို
လျှော့သုံးပါ၊

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ

**ဆရာကြီးရှင့်။ ကျွန်မရဲ့သမီးလေး ရေကျောက်ပေါက်နေတာ ၁၀ ရက်လောက်ရှိပါပြီ။ ဆေးခန်းက ပိုးသတ်ဆေးတွေပေးလိုက်ပေမယ့် အခုက ပိုများလာသလိုဖြစ်နေလို့ပါ။ ရေရောချိုးပေးလို့ရပါသလား။ ရေကျောက်ပေါက်နေရင် ဘာတွေလုပ်ပေးသင့်လဲဆိုတာ သိချင်ပါတယ်ဆရာ။**

တမာရွက်ပြုတ်ရည်နဲ့ ရေချိုးလိုက်ပါ။ ရေမချိုးမီ အုန်းစိမ်းရည်အဝတိုက်ရင် ပိုကောင်းပါတယ်။ သနပ်ခါးအမြစ်တုံးကို သံပရာရည်နဲ့ဆားအနည်းငယ်ရောပြီး သွေးလိမ်းပါ။ ပုစွန်စာရွက်ကြော်ကျွေးပါ။ ကြက်သွန်ကြော်ကျွေးပါ။ ညနေမှာ ထန်းလျက်နဲ့ မန်ကျည်းဖျော်ရည်တိုက်ပါ။ ဓာတ်စာအနေနဲ့ ငါးဖယ်အောင်းကြော်ကျွေးပါ။ ဆေးတိုက်ချင်ရင် တိုင်းရင်းဆေးအမှတ်(၂၅) မတဲမြင့်မိုရ်ကုန်းဆေးတိုက်ပါ။ အမှတ်(၁၆) အပူငြိမ်းသွေးဆေးတိုက်ပါ။ လေပူကျဆေးလည်း ရှိရင်တိုက်ပါ။

**ဆရာကြီးရှင့်။ နေပူထဲကပြန်လာချိန်မှာ ရေအေးသောက်သင့်၊ မသောက်သင့် သိလိုပါတယ်ဆရာ။**

နေပူထဲကနေ ပြန်လာတဲ့အခါ ရေအေးတစ်ခွက်သောက်သင့်ပါတယ်။ ဒါပေမဲ့ ရောက်ရောက်ချင်း အငမ်းမရ အဆောတလျင်မသောက်သင့်ပါ။ ခေတ္တနားပြီး ၁၀ မိနစ်၊ ၁၅ မိနစ်လောက်ကြာမှ သောက်သင့်ပါတယ်။ ရေသောက်တဲ့အခါမှာလည်း ရေခဲရေ၊ ရေခဲသေတ္တာထဲကရေအေးကို မသောက်သင့်ပါဘူး။ ရေခဲတုံးတွေအပြည့်ထည့်ထားတဲ့ ဖျော်ရည်တွေ၊ သံပရာရည်ချဉ်ချဉ်တွေ မသောက်သင့်ပါဘူး။ အသင့်အတင့်အေးတဲ့ရေ၊ မြေအိုးမှာထည့်ထားတဲ့ရေအေးမျိုးကိုသောက်ပါ။ ရေခဲရေသောက်တာကြောင့် လည်ချောင်းနဲ့အစာအိမ်မှာရှိနေတဲ့အပူဓာတ် ရုတ်တရက်ငုပ်လျှိုးပြီး လည်ချောင်းနာတာ၊ အသံဝင်တာ၊ အစာအိမ်ရောင်တာ၊ အသည်းရောင်တာနဲ့ ပန်ကရိယရောင်တာတွေဖြစ်တတ်ပါတယ်။ တိုင်းရင်းဆေးပညာအယူအဆအရ ရေခဲရေက ဝမ်းမီးကိုငြိမ်းစေ၊ ပျက်စေတတ်တဲ့အတွက် ရေခဲရေအမြဲသောက်နေသူတွေမှာ အစာမကြေရောဂါ ရလာတတ်ပါတယ်။ အအေးကြောင့်ဖြစ်တဲ့ဒဏ်၊ အပူကြောင့်ဖြစ်တဲ့ဒဏ်တွေကို ခန္ဓာကိုယ်က ခံရစမြဲဖြစ်လို့ အပူဒဏ်ကိုကာကွယ်ရမှာဖြစ်ပေမယ့် တတ်နိုင်သမျှ သည်းခံပြီးနေသင့်ပါတယ်။ အပူဒဏ်ကို သည်းမခံနိုင်တော့လို့ ရေအေးကို အငမ်းမရသောက်တာ၊ မျက်နှာသစ်တာ၊ ကိုယ်ပေါ်လောင်းချတာ စတာတွေကြောင့် ခန္ဓာကိုယ်တွင်း အပူအအေးဆန့်ကျင်ဘက်ဖြစ်ပေါ်မှုကြောင့် လေဖြတ်နိုင်ပါတယ်။

**ဆရာကြီးရှင့်။ ကျွန်မအစ်မမှာ သွေးတိုးရောဂါရှိပါတယ်။ သွေးတိုးကျဆေးကိုလည်း နံနက်စာစားပြီးတိုင်း မှန်မှန်သောက်ပါတယ်။ အပြင်ကပြန်လာပြီး ရေချိုးလိုက်တော့ ရုတ်တရက်ခေါင်းမူးလာလို့ သွေးပေါင်ချိန်ကြည့်တဲ့အခါ သွေးတိုးနေတာတွေ့ရပါတယ်။ နေပူထဲကပြန်လာရင် ရေအေးချိုးလို့ရပါသလားဆိုတာ သိချင်ပါတယ်။**

ရေချိုးတာက တစ်ကိုယ်ရေသန့်ရှင်းမှုဖြစ်တဲ့အတွက် လူတိုင်း နေ့စဉ်လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ရေမချိုးတဲ့နေ့တွေမှာ ကိုယ်လက်မအီမသာဖြစ်တာ၊ စိတ်လက်မပေါ့ပါးတာ၊ မလန်းဆန်းတာတွေဖြစ်နိုင်ပါတယ်။ ကိုယ်တွင်းငုပ်နေတဲ့ အခိုးအငွေ့တွေ အပြင်ကိုမထွက်ရတဲ့အတွက် ကိုယ်တွင်းအင်္ဂါနဲ့ ဦးခေါင်း၊ မျက်နှာ၊ သွားနဲ့ခံတွင်း၊ မျက်စိတွေအထိပါ အခိုးတွေတက်ပြီး နေမကောင်းဖြစ်တတ်ပါတယ်။ လူတိုင်း နေ့စဉ်ရေချိုးသင့်တယ်ဆိုတာမှန်ပေမယ့်လည်း အေးတဲ့ရာသီနဲ့ ပူလွန်းတဲ့ရာသီတွေမှာ ရေချိုးမမှားဖို့ အထူးသတိပြုဆင်ခြင်ရမှာဖြစ်ပါတယ်။ သက်ငယ်ပိုင်းတွေအတွက် အရေးမကြီးပေမယ့် သက်လတ်ပိုင်းကနေ သက်ကြီးပိုင်းတွေကတော့ သတိပြုဆင်ခြင်ပြီး ရေချိုးရမှာဖြစ်ပါတယ်။ အထူးသဖြင့် အသက် ၅၀ ကျော်သူတွေနဲ့ သွေးတိုးရောဂါရှိသူတွေ ပိုပြီးသတိထားသင့်ပါတယ်။

> **''လူတိုင်း နေ့စဉ်ရေချိုးသင့်တယ်ဆိုတာမှန်ပေမယ့်လည်း အေးတဲ့ရာသီနဲ့ ပူလွန်းတဲ့ရာသီတွေမှာ ရေချိုးမမှားဖို့ အထူးသတိပြုဆင်ခြင်ရမှာဖြစ်ပါတယ်။ သက်ငယ်ပိုင်းတွေအတွက် အရေးမကြီးပေမယ့် သက်လတ်ပိုင်းကနေ သက်ကြီးပိုင်းတွေကတော့ သတိပြုဆင်ခြင်ပြီး ရေချိုးရမှာဖြစ်ပါတယ်။ အထူးသဖြင့် အသက် ၅၀ ကျော်သူတွေနဲ့ သွေးတိုးရောဂါရှိသူတွေ ပိုပြီးသတိထားသင့်ပါတယ် . . .''**

**ဆရာကြီးခင်ဗျာ။ အနှိပ်နဲ့အကြောပြင်၊ အနှိပ်ဆရာနဲ့ အကြောပြင်ဆရာ ဘယ်လိုများကွာခြားပါသလဲ။ ကွာခြားပုံကို သိချင်ပါတယ်ခင်ဗျာ။**

အနှိပ်နဲ့အကြောပြင် ဘာကွာခြားသလဲမေးရင် အနှိပ် (Massage) က အကြောတွေကို ပြေလျော့အောင်လုပ်ပေးတာပါ။ အနှိပ်သည် (Masseur) မှာ ရောဂါကုသဖို့အတွက် တာဝန်မရှိဘူး။ အညောင်းပြေဖို့၊ အကြောပြေဖို့ပဲလိုတယ်။ တချို့အနှိပ်ခံတဲ့သူတွေက ဇိမ်ခံဖို့သက်သက် အနှိပ်ခံကြတယ်။ ဆရာမဟုတ်တဲ့အတွက် ဆေးပညာမလိုဘူး။

အကြောပြင်ဆိုတာ Manipulation ကျွမ်းကျင်စွာကိုင်တွယ်တဲ့ပညာဖြစ်တယ်။ Manipulator က အကြောပြင်ဆရာကိုခေါ်တာပါ။ တချို့အကြောပြင်ဆရာကြီးတွေက ဒေါက်တာအဆင့်ရှိပါတယ်။ လူနာရဲ့ နာတဲ့နေရာကိုသိဖို့ Anatomy တတ်ကျွမ်းရပါတယ်။ ဒါပေမဲ့ ဆရာအဆင့်ပဲဖြစ်ဖြစ်၊ ဒေါက်တာအဆင့်ပဲဖြစ်ဖြစ် လူနာရဲ့ခြေလက်အစုံကိုကိုင်ပြီး စမ်းသပ်နှိပ်နယ်ရတယ်။ ပြုပြင်ရတယ်။ နားကြပ်နဲ့ စမ်းရုံနဲ့မရပါဘူး။ စားဖို့မှုးတွေ လက်အိတ်မသုံးသလို အကြောပြင်ဆရာကလည်း လက်အိတ်မသုံးရပါဘူး။

''ဖွ၊ ဖိ၊ ရွှေ့၊ မိ-
အကြောသိ၊ ပြင်ဘိအကြောဆိုင်း။ ပူအေးလည်းသိ၊
ဖွင့်ပိတ်ကြည့်၊ တတ်သိခန္ဓာပိုင်။ ဆေးလျှင်ဆယ်ခွက်၊
လက်တစ်ချက် မခက်ကုထုံးပိုင်''

ဆိုတဲ့အတိုင်း ဟန်ပြမလုပ်ရပါဘူး။ လူနာရဲ့ကိုယ်သားကိုယ်ရေအပူအအေးကအစ စမ်းသပ်ပြီးမှ ပွတ်သပ်ပေးတာ၊ အကြောဖွင့်တာနဲ့ အကြောပြင်တာတွေပြုလုပ်ရပါတယ်။ ဒါ့ပြင် ဘာပြင်တယ်ဆိုတာ မှတ်တမ်းလည်းထားရှိရပါတယ်။ အကြောပြင်တဲ့လူက ပညာတင်မကဘဲ စိတ်ပါဖို့နဲ့ စေတနာပါဖို့လည်းလိုပါတယ်။

**ဆရာကြီးရှင့်။ ဘယ်ဘက်ခြေဖနောင့်နဲ့ ခြေဖဝါး အလယ်ကြားနေရာက မတ်တတ်ရပ်လိုက်ရင် အောင့်နေလို့ပါဆရာ။ ထိုင်နေရင် လုံးဝမနာပါဘူး။ အဲဒါပျောက်နိုင်တဲ့နည်းလမ်းရှိရင် ညွှန်ပြပေးပါရှင့်။**

ဆားနှစ်ပိဿာကို ပလတ်စတစ်ဇလုံထဲမှာထည့်ပြီး နင်းပါ။ မနင်းမီ ဒူးအထက်ကနေ ရေလောင်းချပြီး ခြေဆေးပါ။ မိနစ် ၂၀ လောက်နင်းပြီးရင် ရေပြန်ဆေးပါ။ ညအိပ်ခါနီး တစ်ကြိမ်၊ နံနက်ရေမချိုးမီ တစ်ကြိမ် တစ်နေ့နှစ်ကြိမ်ပြုလုပ်ပေးပါ။

**ဆရာကြီးရှင့်။ ကျွန်မရဲ့သားလေးက အသက်ခုနစ်နှစ်ပါ။ ချောင်းဆိုးနေတာ တစ်လလောက်ရှိပါပြီ။ တချို့ကလည်း ကြက်ညှာချောင်းဆိုးဖြစ်နေတာ ရက် ၁၀၀ ပြည့်မှ ပျောက်မယ်လို့ပြောကြပါတယ်။ ကြက်ညှာချောင်းဆိုးဆိုရင် ဘယ်လိုဆေးမျိုးနဲ့ကုရမလဲဆိုတာ ဆေးနည်းပြောပြပေးစေလိုပါတယ်ရှင့်။**

ရက်ရှည်ချောင်းဆိုးရင် ဆားကို ကွမ်းရွက်နဲ့ထုပ်၊ သံပြားပေါ်တင်ပြီး ပြာချပါ။ အဲဒီပြာကို သံပရာရည်နဲ့ ဖျော်ပြီး လျက်ပေးပါ။ မုန်ညင်းဆီကို မီးအပူပေး၊ ရင်ဘတ်မှာလိမ်းပြီး ကွမ်းရွက်ကပ်ပေးပါ။

**ဆရာကြီးရှင့်။ မိတ်ပျောက်အောင် ဘယ်လိုလုပ်ရမလဲဆိုတာသိချင်ပါတယ်ဆရာ။ ခေါင်းမှာလည်း အပူဖုကြီးတွေထွက်နေပါတယ်။ နောက်ပြီး မိုးရွာချိန်မှာ မိုးရေထွက်ချိုးရင် မိတ်ပျောက်တယ်ဆိုတာ ဟုတ်ပါသလား သိလိုပါတယ်။**

မိတ်ထွက်ရင် သနပ်ခါးကို သံပရာရည်နဲ့သွေးလိမ်းပါ။ ဆားအနည်းငယ်ထည့်သွေးပြီး လိမ်းပေးပါ။ တမာရွက်ပြုတ်ရည်နဲ့ ရေချိုးပါ။ အပူဖုကြီးထွက်ရင် ရှားစောင်းလက်ပပ်အနှစ်ကပ်ပေးပါ။ မိုးရေချိုးတဲ့အခါ အခန့်မသင့်ရင် မိတ်ငုပ်သွားပြီး ဖျားနာတတ်ပါတယ်။

ကြည်လွင်မြင့်(မုဒြာ)

---

## ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများဆောင်ရွက်



ကျောက်တံခါး ဧပြီ ၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ရပ်ကွက်နှင့်ကျေးရွာများရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံ၊ တိုက်ကျွေးခြင်းကို ဧပြီလ ၃ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဆောင်ရွက်သည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပေါင်ချိန်ပေးခြင်း၊ အသက်အရွယ်အလိုက် ဘီစီဂျီ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဂျပန်ဦးနှောက်ရောင်၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)၊ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ (ရိုတာကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးများကို ထိုးနှံပေးပြီး ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးကိုလည်း တိုက်ကျွေးပေးသည်။

ထို့ပြင် ကိုယ်ဝန်ဆောင်များနှင့် ကလေးမိခင်များအား ကျန်းမာရေးနှင့်ပတ်သက်သည့်အသိပညာပေးခြင်း၊ ကလေးအာဟာရဖွံ့ဖြိုးရေးအတွက် အသိပညာပေးခြင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

---

## ဘိုကလေးမြို့နယ်၌ စီမံကိန်းလုပ်ငန်းများ ချပြရှင်းလင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းအခမ်းအနားကျင်းပ

ဘိုကလေး ဧပြီ ၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်း၊ ကျေးလက်ရေပေးဝေရေးလုပ်ငန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းများ ချပြရှင်းလင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းအခမ်းအနားကို ဧပြီလ ၃ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဘိုကလေးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းလှိုင်က စီမံကိန်းလုပ်ငန်းများလွှဲပြောင်းအပ်နှံရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းများဆောင်ရွက်ခဲ့မှုအခြေအနေများကို ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာ ၁၂ ရွာမှ ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်း ကော်မတီဝင်များ၊ ကျေးလက်ရေပေးဝေရေးလုပ်ငန်းကော်မတီဝင်များနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအား လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာများ လွှဲပြောင်းပေးအပ်ပြီး ကျေးရွာများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

စိန်လွင်(ကျေးလက်)

# မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ကစားသမားများ၏အရည်အသွေးမြှင့်တင်ရန် Junior Development Program ပြုလုပ်



နေပြည်တော် ဧပြီ ၄

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်သည် မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက် ကစားသမားများ၏ အရည်အသွေးတိုးတက်လာစေရန် Junior Development Program ကို ဧပြီလ ၁ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ပြုလုပ်သင်ကြားပေးလျက်ရှိသည်။

မြန်မာလူငယ် ဂေါက်သီးရိုက်အားကစားသမားများအနေဖြင့် South East Asia Amateur Golf Team Championship နှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရယူနိုင်ရန်အတွက် အရည်အသွေးပိုင်းပိုမိုတိုးတက်လာစေရန် ယခုအစီအစဉ်အားပြုလုပ်ပေးခြင်းဖြစ်သည်။အဆိုပါ Program ကို နည်းပြအဖြစ် Professional Golfers ရဲထက်အောင်၊ မြန်မာ့လက်ရွေးစင်အသင်းကြီးကြပ်ရေးမှူး ဦးကျော်ကိုကိုချစ်နှင့် လက်ထောက်နည်းပြအဖြစ် မြန်မာ့လက်ရွေးစင်ကစားသမား ဟိန်းနိုင်ဇင်တို့က လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ရဲထက်အောင်သည် ပရော်ဖက်ရှင်နယ်ဂေါက်သီးရိုက်အားကစားသမားအဖြစ် နိုင်ငံတကာပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သလို အောင်မြင်မှုရရှိထားသူလည်းဖြစ်သည်။

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်သည် လူငယ်မျိုးဆက်သစ် ဂေါက်သီးရိုက်အားကစားသမားများ ထွက်ပေါ်လာစေရန်နှင့် ပြိုင်ပွဲများစဉ်ဆက်မပြတ်ယှဉ်ပြိုင်နိုင်ရန် ပြည်တွင်းပြိုင်ပွဲများ တစ်နှစ်လျှင် ငါးခုမှ ၁၀ ခုအကြား ကျင်းပပေးလျက်ရှိသလို နိုင်ငံတကာပြိုင်ပွဲများတွင်လည်း ပုံမှန်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **မြဝတီ**

# မဲဇလီဆည်ရေနှင့်စလင်းရေလှောင်တမံရေတို့ဖြင့် နွေစပါးများစိုက်ပျိုး



စလင်း ဧပြီ ၄

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ဒေသတွင်းဆန်စပါးဖူလုံပိုလျှံစေရေးအတွက် ၂၀၂၆ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီတွင် မဲဇလီဆည်ရေနှင့်စလင်းရေလှောင်တမံရေတို့ဖြင့် နွေစပါး ၅၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နွေသီးနှံများစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ အဆင်ပြေစွာထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် စလင်းရေလှောင်တမံနှင့်မဲဇလီဆည်တို့မှ ဒေသတွင်းနွေစပါးလျာထားဧက ၁၈၆၀ နှင့် နွေနှမ်းလျာထား ၃၅၈၁၆ ဧက လျာထားစိုက်ပျိုးမည့် ကျေးရွာအုပ်စုငါးအုပ်စုရှိ လယ်ယာမြေများသို့ နွေစပါးများစိုက်ပျိုးရန် စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ စိုက်ပျိုးပြီးစီးသည့် စပါးမျိုးများမှာ အောင်နိုင်တိုးစပါးနှင့် ဆာဖိုးသာစပါး ၅၄၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားချက် ဧက ၁၈၆၀ ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

စလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်းစားရေရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစိုက်စွမ်းအားတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိရာ နွေသီးနှံစိုက်ပျိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော်နိုင်ရေး ကော်မတီများဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ကျန်းမာသန်စွမ်းသော စပါးပင်များရရှိရန်အတွက် မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း၊ ဘက်စုံမျှတသောဓာတ်မြေဩဇာများအသုံးပြုခြင်းနှင့် တောင်သူအသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများက တောင်သူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး ပူးပေါင်းဆောင်ရွက်၍ လျာထားချက်ပြည့်မီရေးဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မောင်လွင်(စလင်း)**

## မင်္ဂလာအပေါင်း ခညောင်းပါစေ

❖ ပြည်သူအားလုံး
စည်းရုံးချစ်ကြည်
တွဲလက်ညီစွာ
- တူညီဆန္ဒ၊ မှန်သမျှကို
ကြံဆလုပ်ဆောင် နိုင်ပါစေ၊
- ပြည်သူမျှော်မှန်း၊ အခန်းခန်းကို
ဆောင်မြန်းပုံဖော် နိုင်ပါစေ၊
- ပြည်သူတောင့်တ၊ အဝဝကို
မျှတဖြည့်ဆည်း နိုင်ပါစေ၊
- ပြည်သူမျှော်တွေး၊ ငြိမ်းချမ်းရေးကို
ပေးစွမ်းဆောင်ကြဉ်း နိုင်ပါစေ။

❖ ပြည်သူ၊ အစိုးရနှင့် တပ်မတော်
ပြည့်အကျိုးမျှော်လျက်
နိုင်ငံတော်နှင့် နိုင်ငံသားများ
စီးပွားလူမှု၊ အစုစုကို
ယခုကထက်၊ ပိုတိုးတက်အောင်
ထမ်းရွက်သယ်ပိုး နိုင်ပါစေ
**မင်္ဂလာအပေါင်း ခညောင်းပါစေ။ ။**

**မျိုးမြတ်မြတ်မြင့်မောင်**

## MWD Variety Channel

၅-၄-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၉:၂၀ မှတ်သားလေ့လာအိမ်တွင်းမှုပညာ
၂။ ၁၁:၄၅ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင်ထူးချွန်ထင်ရှားတပ်မတော်သားအားကစားသမားများ
၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၇:၄၅ ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ

# မိုးနဲမြို့နယ်၌ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ခြင်းဇာတ်တိုက်လေ့ကျင့်



မိုးနဲ ဧပြီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံမှုရှိစေရေးနှင့် မီးဘေးအန္တရာယ် ကြုံတွေ့လာပါက လက်တွေ့လုပ်ဆောင်နိုင်စေရန် ရည်ရွယ်၍ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဧပြီလ ၃ ရက် ညနေပိုင်းတွင် အဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမောင်ခိုင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးအရာရှိဦးကျော်ကိုကိုသက်က မီးဘေးလုံခြုံရေး ကြိုတင်ဆောင်ရွက်ထားရှိရမည့်အချက်များ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းအကြောင်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းမိသားစုများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

# ရိုးရာအတာသင်္ကြန်နှင့် ကျန်းမာရေးသတိပြုစရာများ

ကိုဘုန်း(ထုတ်လုပ်)

**မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်သည် လွန်ခဲ့သောနှစ်ဟောင်း၏ အညစ်အကြေးများကို ဆေးကြောသုတ်သင်ကာ ကောင်းမှုကုသိုလ်များ မျှဝေပေးကြသည့် မြတ်နိုးဖွယ်ဓလေ့တစ်ခုဖြစ်သည်။ သင်္ကြန်ကာလသည် မိသားစုဝင်များ ပြန်လည်ဆုံစည်းခြင်း၊ သက်ကြီးရွယ်အိုများအား ပူဇော်ခြင်း၊ မိတ်ဆွေအပေါင်းအသင်းများနှင့် အတူတကွပျော်ရွှင်စွာဖြတ်သန်းခြင်းတို့ဖြင့် ပြည့်နှက်နေသော ဝမ်းမြောက်ဖွယ်ရာကာလဖြစ်သည်။**

သို့သော် သင်္ကြန်ကာလ၌ အပူရှိန်လွန်ကဲခြင်း၊ ရေပက်ကစားခြင်းကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ အရက်သေစာအလွန်အကျွံသောက်စားခြင်းနှင့် ယာဉ်မတော်တဆမှုများ၊ စည်ကားသောလူစုလူဝေးတွင် ကူးစက်ရောဂါများဖြစ်ပွားခြင်း စသည့် ကျန်းမာရေးဆိုင်ရာစိုးရိမ်ဖွယ်ရာများလည်းရှိတတ်သည်။ အထူးသဖြင့် မိဘပြည်သူများအနေဖြင့် မိမိတို့၏ ကျန်းမာရေးကိုပါ ထည့်သွင်းစဉ်းစားကာ ဓလေ့ထုံးတမ်းစဉ်လာများကို ဆက်လက်ထိန်းသိမ်းရင်း ဘေးအန္တရာယ်ကင်းရှင်းစွာပျော်ရွှင်နိုင်ရေးမှာ အလွန်အရေးကြီးသည်။

ထို့ကြောင့် ယခုနှစ် အတာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှု အလုမပျက်၊ စည်းစနစ်ကျနစွာ၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာ ဖြတ်သန်းနိုင်စေရန် ကျန်းမာရေးအသိပညာပေးချက်များကို စနစ်တကျ ဆောင်ရွက်သင့်သည်။ အသိပညာပေးနှိုးဆော်ချက်များကို လိုက်နာခြင်းဖြင့် မိမိနှင့် မိမိ၏ မိသားစုဝင်များ၊ လူမှုအသိုင်းအဝိုင်းပါ ဘေးအန္တရာယ်ကင်းရှင်းပြီး အဓိပ္ပာယ်ရှိသော သင်္ကြန်ကာလကိုပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

**အပူဒဏ်အန္တရာယ်မှ ကာကွယ်ရန်အတွက်** နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့်နေရာများ၌ နားနေသင့်သည်။ အပြင်သို့ထွက်ပါက ထီး၊ ဦးထုပ်၊ နေကာမျက်မှန်နှင့် လက်ရှည်အဝတ်အစားများကိုအသုံးပြု၍ နေရောင်ခြည်နှင့်အပူရှိန်ကို တိုက်ရိုက်ထိတွေ့မှု လျှော့ချသင့်သည်။ ခန္ဓာကိုယ်တွင်း ရေဓာတ်ခန်းခြောက်မှုမှကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို ရေငတ်သည့်ခံစားချက်မပေါ်မီကပင် မကြာခဏသောက်သုံးပေးရမည်ဖြစ်ပြီး ချွေးထွက်များခြင်းကြောင့် ဆုံးရှုံးသွားသော သတ္တုဓာတ်များအတွက် ဖျော်ရည်၊ ဒန့်သလွန်ရည် စသည့် ဓာတ်ဆားပါဝင်သော အဖျော်ရည်များကိုလည်း ရွေးချယ်သောက်သုံးနိုင်သည်။ အထူးသဖြင့် အရက်သောက်သုံးခြင်းသည် ခန္ဓာကိုယ်၏ အပူချိန်ထိန်းညှိမှုစနစ်ကို အနှောင့်အယှက်ဖြစ်စေပြီး ရေဓာတ်ကို ပိုမိုဆုံးရှုံးစေကာ အပူဒဏ်ကိုပိုမိုပြင်းထန်စွာခံစားရနိုင်သည့်အပြင် အပူရှိန်ကြောင့် သတိလစ်မေ့မြောခြင်း၊ လေဖြတ်ခြင်းတို့ ဖြစ်ပွားနိုင်ခြေမြင့်မားစေသောကြောင့် အရက်သောက်သုံးခြင်းကို အထူးရှောင်ကြဉ်ရန် လိုအပ်ကြောင်း သတိပြုရမည်ဖြစ်သည်။

**ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်** ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ရေကန်၊ ရေတွင်းများမှ ညစ်ညမ်းနိုင်သည့်ရေ သို့မဟုတ် ကလိုရင်း လုံလုံလောက်လောက် မသန့်စင်ထားသည့်ရေတို့ကို ကစားရန် လုံးဝမသုံးစွဲသင့်ပေ။ ရေကစားရာတွင် အသုံးပြုသောရေကို သောက်သုံး

**ရိုးရာအတာသင်္ကြန်ပွဲတော်သည် မြန်မာ့ယဉ်ကျေးမှု၏ အသက်ဝင်သော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပျော်ရွှင်ဝမ်းမြောက်ဖွယ် ဆုံစည်းပွဲတော်လည်းဖြစ်သည်။ သို့သော် ပျော်ရွှင်မှုသည် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုပေါ်တွင် အခြေခံမှသာ ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။ မိဘပြည်သူအားလုံး မိမိတို့၏ ကျန်းမာရေးကို ဦးစားပေးကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလိုက်နာခြင်း၊ ရေပက်ကစားရာတွင် သန့်ရှင်းလုံခြုံမှုရှိစေခြင်း၊ နေပူဒဏ်၊ ရေဒဏ်တို့မှ မိမိကိုယ်ကို ကာကွယ်ခြင်း၊ လူစုလူဝေးရှိရာတွင် ကူးစက်ရောဂါကာကွယ်ရေး စည်းကမ်းများလိုက်နာခြင်းတို့ကို အထူးဂရုပြုကြပါရန်နှိုးဆော်လို. . .**

ခြင်းမပြုသင့်ဘဲ မတော်တဆမျိုချမိပါက ဝမ်းပျက်ဝမ်းလျှော၊ ဗိုင်းရပ်စ်အသည်းရောင်ရောဂါ၊ ဗက်တီးရီးယားပိုးဝင်ခြင်း စသည့် ရောဂါများဖြစ်ပွားနိုင်သောကြောင့် အထူးသတိပြုရမည်ဖြစ်သည်။ ရေကစားစဉ်အတွင်း မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ရေများမဝင်အောင် သတိပြုရန်လိုအပ်ပြီး မျက်လုံးအတွင်းသို့ ညစ်ညမ်းသောရေဝင်ရောက်ပါက မျက်မြှေးရောင်ခြင်း၊ နားအတွင်းသို့ ရေဝင်ပါက နားပိုးဝင်ခြင်း၊ ပါးစပ်မှတစ်ဆင့် ရောဂါပိုးများ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ခြင်းတို့ ဖြစ်ပွားနိုင်သဖြင့် ရေကစားပြီးတိုင်း သန့်ရှင်းသောရေဖြင့် ခန္ဓာကိုယ်ကို ပြန်လည်ဆေးကြောသင့်သည်။ ထို့ပြင် ဖိအားမြင့်အားပြင်းသည့် ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ရန် အထူးလိုအပ်သည်။ အကြောင်းမှာ အားပြင်းသောရေစီးကြောင်းသည် နှာခေါင်းအတွင်းရှိ အမြှေးပါးများကို ထိခိုက်စေနိုင်သကဲ့သို့ နှာခေါင်းပေါက်မှတစ်ဆင့်ရောဂါပိုးများ ဦးနှောက်ဆီသို့ရောက်ရှိကာ ပြင်းထန်သည့် ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားစေနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ရေကစားခြင်း၊ ရေကူးခြင်း၊ ရေပန်းဖြင့်ရေပက်ဖျန်းခြင်းများ ပြုလုပ်ရာတွင် သန့်ရှင်းမှု၊ ဘေးအန္တရာယ်ကင်းရှင်းမှုကို အမြဲဦးစားပေးဆောင်ရွက်သင့်သည်။

**စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်သဖြင့်** အထူးသတိထားရမည်ဖြစ်ပြီး သင်္ကြန်ရေများရှိနေသော လမ်းမျက်နှာပြင်များသည် ချောမွတ်လျက်ရှိကာ ဖိနပ်ချော်ခြင်း၊ ခြေချော်လဲကျခြင်းတို့ကြောင့် အရိုးကျိုးခြင်း၊ ကြွက်သားနာကျင်ခြင်း၊ ဦးခေါင်းထိခိုက်ခြင်းစသည့် ဒဏ်ရာများဖြစ်ပေါ်နိုင်သည်။ ထို့ပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကိုလိုက်နာရန် အလွန်အရေးကြီးသည်။ ယာဉ်မောင်းနှင်သူများအနေဖြင့် သတ်မှတ်ထားသောအမြန်နှုန်းအတိုင်း မောင်းနှင်ခြင်း၊ ယာဉ်ကြောအချက်ပြမီးများကို လေးစားလိုက်နာခြင်း၊ ခါးပတ်ပတ်ခြင်း၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ ဦးထုပ်ဆောင်းခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။ အထူးသဖြင့် အရက်သေစာသောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်နိုင်ရမည်ဖြစ်သည်။ အရက်သည် ဦးနှောက်၏အာရုံခံစားမှု၊ တုံ့ပြန်မှု၊ ဆုံးဖြတ်ချက်ချမှတ်နိုင်မှုစွမ်းအားကို သိသိသာသာကျဆင်းစေပြီး ယာဉ်မောင်းနှင်နေစဉ် မမျှော်လင့်သော အခြေအနေများကို ချက်ချင်းတုံ့ပြန်နိုင်စွမ်းမရှိဘဲ ပြင်းထန်သော ယာဉ်မတော်တဆမှုများ၊ လူသေဆုံးမှုများ ဖြစ်ပေါ်စေနိုင်သည်။ အရက်သေစာသောက်သုံး၍ယာဉ်မောင်းနှင်ခြင်းသည် မိမိကိုယ်တိုင်၏ အသက်အန္တရာယ်သာမက လမ်းပေါ်ရှိအခြားမိသားစုများ၏ ဘေးအန္တရာယ်ကိုပါဖြစ်ပေါ်စေနိုင်သည့် အလွန်အန္တရာယ်များသော အပြုအမူဖြစ်သဖြင့် အရက်သောက်ပါက မောင်းနှင်ခြင်းလုံးဝမပြုလုပ်ရန်နှင့် ယာဉ်မောင်းရမည်ဆိုပါက အရက်လုံးဝမသောက်ရန် လိုအပ်သည်။

**မြန်မာ့ရိုးရာအတာသင်္ကြန်တွင် ပျော်ရွှင်စွာရေဆော့ကစားနိုင်ရန်အတွက်** ကျန်းမာရေးကောင်းမွန်ရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး ကောင်းမွန်ရန်လိုအပ်သည်။ လက်များကိုမကြာခဏဆေးကြောရန် အထူးလိုအပ်ပြီး အထူးသဖြင့် အစာမစားမီ၊ အိမ်သာသုံးပြီးနောက် အပြင်မှပြန်လာချိန်၊ ချောင်းဆိုး၊ နှာချေပြီးချိန်တို့တွင် ဆပ်ပြာ သို့မဟုတ် လက်ဆေးရည်ဖြင့် စက္ကန့် ၂၀ ခန့်သေချာစွာ ပွတ်တိုက်ဆေးကြောမှသာ ရောဂါပိုးများ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်နိုင်မည်ဖြစ်သည်။ လတ်ဆတ်ပြီး သန့်ရှင်းသော အစားအစာများကိုသာ စားသုံးရန်လိုအပ်ပြီး သက်တမ်းလွန်နေသော၊ အနံ့ပြောင်းလဲနေသော၊ ပုံပန်းသဏ္ဌာန်ပျက်စီးနေသော အစားအစာများ၊ အာမခံချက်မရှိသော လမ်းဘေးအစားအစာများကို ရှောင်ကြဉ်သင့်သည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ရေသန့်ဖြင့်သေချာစွာဆေးကြောပြီးမှ စားသုံးရမည်ဖြစ်ပြီး အသား၊ ငါး၊ ပုစွန်စသည့် အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီးမှသာ စားသုံးသင့်သည်။

**အစားအသောက်ရောင်းချသူများအနေဖြင့်** တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးသတိပြုဆောင်ရွက်ရမည်ဖြစ်ပြီး လက်သည်းများကိုသန့်ရှင်းအောင်ထားခြင်း၊ အလုပ်လုပ်နေစဉ် သန့်ရှင်းသောချက်ပြုတ်ဝတ်စုံ၊ ဦးထုပ်၊ ပါးစပ်ဖုံးတို့ကို ဝတ်ဆင်ခြင်း၊ အစားအစာကို လက်ဖြင့်တိုက်ရိုက်ကိုင်တွယ်ခြင်းမပြုဘဲ သန့်ရှင်းသောလက်အိတ်များ၊ ညှပ်/တူများ အသုံးပြုခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။ ထို့ပြင် အစားအစာများကို ယင်နားခြင်းနှင့် အခြားအညစ်အကြေးများမဝင်ရောက်နိုင်ရန် စနစ်တကျဖုံးအုပ်သိမ်းဆည်းရမည်ဖြစ်ပြီး သန့်ရှင်းသော ဇလုံဖုံးများ၊ အနှီးများ သို့မဟုတ် ပိုးသတ်ထားသော ပလတ်စတစ်အဖုံးများကို အသုံးပြုကာ ယင်ကောင်များ၊ ခြင်များ၊ ဖုန်မှုန့်များကျရောက်ခြင်းကို တားဆီးပေးရမည်ဖြစ်ပြီး ယင်းသို့စနစ်တကျဆောင်ရွက်ခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှော၊ သန်ကောင်ရောဂါ၊ အစာအဆိပ်သင့်ခြင်းစသည့် အစာခြေလမ်းကြောင်းဆိုင်ရာရောဂါများကို ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်သည်။

**အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာ ရရှိပါက** နီးစပ်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆုံးဆက်သွယ်၍ ဆေးကုသမှုခံယူရန် အထူးလိုအပ်သည်။ အပူဒဏ်သည် ခန္ဓာကိုယ်၏အပူချိန်ထိန်းညှိမှုစနစ်ကို

**အတာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှု အလှမပျက်၊ စည်းစနစ်ကျနစွာ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ ဖြတ်သန်းနိုင်စေရန် ကျန်းမာရေးအသိပေးချက်များကို စနစ်တကျ ဆောင်ရွက်သင့်သည်။ အသိပညာပေးနှိုးဆော်ချက်များကို လိုက်နာခြင်းဖြင့် မိမိနှင့် မိမိ၏မိသားစုဝင်များ၊ လူမှုအသိုင်းအဝိုင်းပါ ဘေးအန္တရာယ်ကင်းရှင်းပြီး အဓိပ္ပာယ်ရှိသော သင်္ကြန်ကာလကို ပိုင်ဆိုင်နိုင်မည်ဖြစ်. . .**

ချို့ယွင်းစေပြီး ခေါင်းမူးခြင်း၊ အားအင်ကုန်ခန်းခြင်းမှသည် အသက်အန္တရာယ်ရှိသည်အထိ ဖြစ်ပွားနိုင်သဖြင့် ရောဂါလက္ခဏာများပေါ်ပေါက်လာပါက ချက်ချင်းကုသမှုယူရန် လိုအပ်သည်။ အပူဒဏ်ခံစားရသူတွင် ကိုယ်ပူခြင်း၊ ချွေးမထွက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်း၊ သတိလစ်ခြင်း စသည့်လက္ခဏာများတွေ့ရှိရပါက လူနာအား အရိပ်ရအေးမြသည့်နေရာသို့ ချက်ချင်းရွှေ့ပြောင်းပေးပြီး လေဝင်လေထွက်ကောင်းမွန်အောင်ပြုလုပ်ကာ အေးမြသောရေဖြင့် သုတ်ပေးခြင်း၊ ရေခဲအိတ်ဖြင့် ချိုင်းကြား၊ ပေါင်ခြံ၊ လည်ပင်းတို့တွင် ကပ်ပေးခြင်းစသည့် ကနဦးအရေးပေါ်စောင့်ရှောက်မှုများပြုလုပ်ပြီးနောက် နီးစပ်ရာကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်၍ ဆေးကုသမှုခံယူရမည်ဖြစ်သည်။

**ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာရရှိပါကလည်း** ဒဏ်ရာ၏ပြင်းထန်မှုကို မိမိကိုယ်တိုင်ခန့်မှန်းဆုံးဖြတ်ခြင်းမပြုဘဲ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများ၏ စစ်ဆေးကုသမှုကို ခံယူရန်အရေးကြီးသည်။ အထူးသဖြင့် ပြုတ်ကျခြင်း၊ ချော်လဲခြင်း၊ ယာဉ်တိုက်မှုစသည့် မတော်တဆမှုများတွင် အရိုးကျိုးခြင်း၊ ဦးခေါင်းထိခိုက်ခြင်း၊ အတွင်းသွေးယိုခြင်းစသည့် ပြင်ပမှ မြင်နိုင်ခြင်းမရှိသော အတွင်းဒဏ်ရာများဖြစ်ပွားနိုင်ပြီး အချိန်ဆွဲပါက အခြေအနေပိုမိုဆိုးရွားလာနိုင်သောကြောင့် ဒဏ်ရာရရှိပြီးပြီးချင်း အနားယူခြင်း၊ ရေခဲကပ်ခြင်း၊ ဖိအားတိုက်ခြင်းစသည့် ကနဦးပြုစုမှုများ ပြုလုပ်ပြီးနောက် ဆေးရုံသို့အချိန်မဆွဲဘဲ အမြန်ဆုံးသွားရောက်ကာ ဆရာဝန်ညွှန်ကြားချက်အတိုင်း သေချာစွာစစ်ဆေးကုသမှုခံယူရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ရိုးရာအတာသင်္ကြန်ပွဲတော်သည် မြန်မာ့ယဉ်ကျေးမှု၏ အသက်ဝင်သော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပျော်ရွှင်ဝမ်းမြောက်ဖွယ် ဆုံစည်းပွဲတော်လည်းဖြစ်သည်။ သို့သော် ပျော်ရွှင်မှုသည် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုပေါ်တွင် အခြေခံမှသာ ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။ မိဘပြည်သူအားလုံး မိမိတို့၏ ကျန်းမာရေးကို ဦးစားပေးကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာခြင်း၊ ရေပက်ကစားရာတွင် သန့်ရှင်းလုံခြုံမှုရှိစေခြင်း၊ နေပူဒဏ်၊ ရေဒဏ်တို့မှ မိမိကိုယ်ကို ကာကွယ်ခြင်း၊ လူစုလူဝေးရှိရာတွင် ကူးစက်ရောဂါကာကွယ်ရေးစည်းကမ်းများလိုက်နာခြင်းတို့ကို အထူးဂရုပြုကြပါရန်နှိုးဆော်လိုသည်။ ယခုနှစ် သင်္ကြန်ကာလတွင် မိသားစု၊ မိတ်ဆွေတို့ဖြင့် ဘေးအန္တရာယ်ကင်းကင်း၊ ကျန်းမာရွှင်လန်းစွာဖြတ်သန်းနိုင်ကြပါစေကြောင်း၊ ရိုးရာဓလေ့ကောင်းများ ဆက်လက်ထိန်းသိမ်းနိုင်ကြပါစေကြောင်းနှင့် မိမိနှင့် မိမိ၏ချစ်ရသူအားလုံး ဘေးရန်ကင်းဝေးကာ နှစ်တစ်နှစ်၏အစဖြစ်သော ဤသင်္ကြန်ကာလမှာ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

(၃၈)ဖြာမင်္ဂလာ

# သစ္စာတွေ့သူ (အရိယာသစ္စာနဒဿနံ)

ကိုဇော်ဌေး(ယဉ်ကျေးမှု)



"သားတို့ ဘယ်ကပြန်လာကြတာလဲ"

ခြံဝင်းထဲသို့ဝင်လာသော စိုးသူတို့သူငယ်ချင်းတစ်သိုက်ကို ဖေဖေက နွားစာပြင်နေရင်းမှ လှမ်းမေးလိုက်သည်။

"ရဟန္တာဂူဘုရားကပြန်လာတာပါ ဖေဖေ"

စိုးသူကပြန်ဖြေလိုက်သည်။ စိုးသူဖေဖေက

"တရားကျင့်နေတဲ့ သံဃာကိုသွားဖူးတာလား'' ဟု တစ်ဆက်တည်းမေးလာသဖြင့် "ဟုတ်ကဲ့" ဟု ပြန်ဖြေလိုက်သည်။

ရဟန္တာဂူဘုရားသည် သရေခေတ္တရာမြို့ဟောင်း၌ ထင်ရှားသော ရှေးဟောင်းဂူဘုရားတစ်ဆူဖြစ်သည်။ ဂူဘုရားသို့ ရဟန္တာတံခါးပေါက်ကိုဖြတ်သန်း၍ သွားရလေသည်။ ရဟန္တာတံခါးပေါက်နှင့် ရဟန္တာဂူသည် ဆက်စပ်မှုရှိ၊ မရှိကို ရှေးဟောင်းသုတေသနပညာရှင်တို့သာ သိနိုင်မည်ဖြစ်သည်။

သုတေသနပညာရှင်တို့၏အဆိုအရ ရဟန္တာဂူဘုရားအတွင်း၌ ရဟန္တာရုပ်တုရှစ်ဆူရှိသည်ဟု ဆိုသည်။ လတ်တလော၌မူ ဂူဘုရားအတွင်း၌ ရဟန္တာရုပ်တု လေးဆူသာရှိနေလေသည်။

ထိုရဟန္တာဂူ၌ သံဃာတစ်ပါးတရားကျင့်နေသည်ကို နွားကျောင်းသားတို့ နွားကျောင်းရင်းနှင့် တွေ့ရှိလာသည်။ ကြည်ညိုသပ္ပာယ်ဖွယ်ရာကောင်းသော ထိုသံဃာတော်၏သတင်းသည် မှော်ဇာကျေးရွာအုပ်စုအတွင်း ထင်ရှားလာလေသည်။ ထိုသတင်းအရ စိုးသူတို့ သူငယ်ချင်းတစ်သိုက် ကလေးပီပီ စပ်စုချင်လှသောဝါသနာကြောင့် သွားရောက်ဖူးမြော်ကြခြင်းဖြစ်သည်။

"ဖူးခဲ့ရရဲ့လား"

ဖေဖေကထပ်မေးသည်။ "ဖူးခဲ့ရပါတယ်" ဟု မောင်လတ်ကဝင်ဖြေလိုက်သည်။

"ကြည်ညိုစရာကောင်းတယ်နော်'' ဟု ပိုင်စိုးက ဝင်ပြောသည်။ ဖေဖေက

"သံဃာဆိုတာ ကြည်ညိုဖို့ပေါ်ပေါက်လာတာပဲ၊ ကြည်ညိုရမှာပေါ့ ပိုင်စိုးရ။ ဘဝသံသရာကြီးက အပြီးအပြတ်လွတ်မြောက်ဖို့၊ မမှားသောသစ္စာနဲ့ နိဗ္ဗာန်ကိုမျက်မှောက်ပြုဖို့ ကျင့်ကြံနေကြတဲ့ သံဃာတော်တွေကို ကြည်ညိုရမှာပေါ့ကွာ" ဟု ဖေဖေကပြောလာသည်။

"ဦးလေးလှက အဲဒီသံဃာကို အရိယာသံဃာလို့ ခေါ်တယ်တဲ့၊ အရိယာဆိုတာဘာလဲဟင် ဦးလေး"

မြတ်သူက ဖေဖေ့ကိုလှမ်းမေးလာသည်။ ဖေဖေက

"အရိယာဆိုတာ မြန်မာလိုပြောရင်တော့ စင်ကြယ်သောအကျင့်ရှိသူလို့ အဓိပ္ပာယ်ရတာပေါ့ကွာ၊ ဒါကြောင့် အရိယာသံဃာဆိုတာ စင်ကြယ်သော ရဟန်းလို့ ပြောရမှာပေါ့"

မြတ်သူက ဖေဖေရှင်းပြသောစကားကို ခေါင်းညိတ်၍ နားလည်ကြောင်းပြဆိုသည်။

"ပြောရရင်တော့ သစ္စာလေးပါးသိမှ အရိယာလို့ ပြောနိုင်ပြန်တယ်" ဟု ဖေဖေကအကျယ်ကို ထပ်ရှင်းပြသည်။

မြတ်သူက ငြိမ်၍နားထောင်နေသည်။

"ဒုက္ခအရိယာသစ္စာ၊ သမုဒယအရိယာသစ္စာ၊ နိရောဓအရိယာသစ္စာ၊ မဂ္ဂအရိယာသစ္စာတဲ့၊ မင်းတို့တစ်ချိန်ကျရင် နားလည်လာမှာပါ" ဟု ဖေဖေက စကားကို အဆုံးသတ်သည်။ ထိုအချိန်၌ ခြံဝင်းထဲသို့ ဆေးဆရာဦးခန့်ဝင်လာသည်။ "လောကမှာ မြတ်စွာဘုရားကိုလည်း အရိယာလို့ပြောကြတယ်။ ဒါကြောင့် ဘုရားရဲ့သစ္စာလို့ပြောရင်လည်း ရပြန်တယ်" ဟု ဝင်၍ပြောသည်။

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ဦးခန့်ရယ်။ သစ္စာသိမှ အရိယာဖြစ်မှာမို့ သစ္စာကိုသိမြင်ကြတဲ့ အရိယာသံဃာတိုင်းဟာ ကြည်ညိုစရာပဲပေါ့" ဟုဆိုရာ ဆေးဆရာဦးခန့်က ပြုံးရင်းခေါင်းညိတ်သည်။

နိဗ္ဗာန်ဟူသည်ကို စိုးသူတို့နားမလည်သေးပါ။ သို့သော် ကျောင်းသားဖြစ်၍ အမှားနှင့်အမှန်ဆိုသည်ကိုတော့နားလည်သည်။ အမှားမဟုတ်သော၊ မှန်ကန်သော သစ္စာတရားကိုကျင့်ကြံနေသော ထိုသံဃာကိုလည်း ပို၍ကြည်ညိုနေမိပါတော့သည်။ ။

## မှတ်သားဖွယ်စုံ စကားပုံ

### ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်

ရေငုပ်လျှင် သဲတိုင်အောင် ငုပ်၊ သစ်ပင်တက်လျှင် အဖျားတိုင်အောင် တက်သကဲ့သို့ အလုပ်တစ်ခုကို မဆုတ်မနစ်သော ဇွဲဖြင့်လုပ်လျှင် ဆုံးခန်းတိုင်ပြီးမြောက်သည်။ "မညောင်းမကျင်၊ **သစ်ပင်အဖျား၊ ငုပ်သွားသဲထိ၊** လုပ်မိကနား၊ ရှောင်ရှားမည့ှာ၊ လိုရာဖြစ်စေ၊" [၈၅၃] ပါမီ * ၁ဝ၃။ "ဟယ် **ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်၊** ဘယ်အတွက် ကြောက်ရမတုံး။" [၁၂၇၅] စပယ်။ ၅ဝ။

"**ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်** အစွမ်းပေါက်သော လုံ့လဝီရိယ...၊" [၁၂၉၆] မဥ္စရီ၊ ဒု။ ၁၃၆။

### ပတ္တမြားတစ်ခြည် * * ဆန်တစ်ပြည်

ပတ္တမြားလက်စွပ်တစ်ကွင်းကို ဆန်တစ်ပြည်နှင့် တန်းတူတန်ဖိုးထားသကဲ့သို့ တန်ဖိုးရှိသောအရာကို တန်ဖိုးမရှိသောအရာနှင့် တန်းတူတန်ဖိုးထားသည်။

"ပည်းဖြင်ဖိုးများ၊ ရောင်းလှာမှားသား၊ **ပတ္တမြားတစ်ခြည်၊ ဆန်တစ်ပြည်**သို့၊" [၉ဝ၄] ဘုံ * ၃၇။

"**ပတ္တမြားတစ်ခြည်၊ ဆန်တစ်ပြည်**သို့၊ ဂုဏ်ရည်ယုတ်မြတ်၊ မမှတ်ယွင်းကွက်၊ ကျင့်သွမ်းပျက်၏။" [၁၂၆၆] မဃ*၃ဝ၆။

### ဖွဲကိုထောင်းလို့ ဆန်ကောင်းမရ

ဖွဲကြမ်း(စပါးခွံ)ကိုထောင်း၍ ဆန်မရနိုင်သကဲ့သို့ အလားအလာမရှိသောသူကို မည်မျှပင်အားထုတ်၍ ပြုပြင်သွန်သင်စေကာမူ ထူးခြားကောင်းမွန်သူဖြစ်မလာနိုင်။

"ဗာလအစစ်၊ သူမိုက်ညစ်လျှင်၊ ဆန်ဖြစ်စေကြောင်း၊ **ဖွဲကိုထောင်းသော်၊** ပန်းညောင်းကာမျှ၊ **ဆန်မရ**သို့၊" [၈၈၅] ကိုး* ၃၃။

### လှေခွက်ချည်းကျန် အလံမလှဲ

စစ်တိုက်ရာ၌ စစ်လှေတွင် အခြားစစ်သည်များအားလုံး ကျဆုံးသွား၍ လှေခွက်ချည်းကျန်သော်လည်း အလံကိုင်သူသည် အလံကိုမလှဲဘဲ ဇွဲဖြင့်စိုက်ထူထားသကဲ့သို့ အလုပ်တစ်ခုလုပ်ရာ၌ အခက်အခဲဆုံး အခြေအနေရောက်နေစေကာမူ အရှုံးမပေးဘဲ ကြံ့ကြံ့ခံသည်။

"တိုင်းရင်းသားပြည်သူလူထုအား ထိပါးနှောင့်ယှက်မည့် ရန်သူဟူသမျှကို **လှေခွက်ချည်းကျန် အလံမလှဲ** ဟူသော ဆောင်ပုဒ်နှင့်အညီ တိုက်ခိုက်သွားမည်ဟု လှိုက်လှဲစွာ ကတိပြုကြောင်း...၊" [၁၃၃၂] ရှေ့သို့၊ ၁၇၊ ၉။ ၃။

### အခိုင်ကြီးလည်း အဖီးလှမှ တင့်တယ်သည်

ငှက်ပျောပင်သည် အခိုင်ကြီးရုံသာမက အဖီးပါလှမှ တင့်တယ်သကဲ့သို့ တိုင်းပြည်နိုင်ငံတို့တွင် စည်ပင်ဝပြောသော မြို့ကြီး ခရိုင်ကြီးများရှိမှသာ တင့်တယ်သည်။

"**အခိုင်ကြီးမှ** အဖီးလှသည်၊ **အဖီးလှမှ တင့်တယ်**သောဟူသကဲ့သို့ ပြည်ကြီး၏ အရှင်ဖြစ်တော်မူသော မင်းတို့သည်လည်း တိုင်းကြီး၊ ခရိုင်ကြီးစားသော ဆွေတော်မျိုးတော် ရှိသည်ဖြစ်မှ တင့်တယ်တော်မူသည်။" [၁ဝ၈ဝ ခန့်] ကုလား၊ ပ ။ ၃၆၅ ။

"**အခိုင်လှလည်း အဖီးလှရှိမှ တင့်တယ်သည်** ဟူသကဲ့သို့ တိုင်းကြီးပြည်ကြီးရှင်မင်းတို့သည် မြို့ခရိုင်ကြီးရှိမှတင့်တယ်လျက် အာနုဘော်ကြီးရာသတည်း။" [၁၁၄၃] ဇာပုံ။ ၇၃ ။

**မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့ကထုတ်ဝေသည့် "မြန်မာစကားပုံ" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။ ။**



## နှစ်ဝါတစ်နီ

မိဘတွေကို ကတိပေးထားတဲ့အတိုင်း ဒီမနက် တစ်ဝါပြည့်ပြီမို့ ဒီညနေပဲ ရှင်လိင်ပြန်တော့မယ့်အကြောင်း အသိပေးလာတဲ့ ကိုရင်ချက်စူကို အဖေဖြစ်သူက....

"ကိုရင် ဘောလုံးကန်တတ်တယ်မဟုတ်လား"

"အဖေကလည်းဗျာ၊ ကျုပ်တို့ရွာလူငယ်အသင်းမှာ ကျုပ်ပဲအမြဲတမ်း တိုက်စစ်မှူးဆိုတာသိရဲ့သားနဲ့"

"ဒါဆို ဘောလုံးပွဲဥပဒေကို နားလည်မှာပေါ့"

"နားလည်လို့ပဲ ကျီးကန်တောင်ရွာနဲ့မြောက်ရွာ ဘောလုံးချိန်းကန်တဲ့ပွဲဆို ကျုပ်ပဲ ဒိုင်လူကြီးလုပ်ပေးခဲ့ရတာပေါ့ဗျ"

"ဒါဆို ကိုရင်က မထွက်ရသေးဘူးလေ"

"ဘာလို့တုံး အဖေရ၊ ကျုပ်ကတိအတိုင်း တစ်ဝါပြည့်အောင်ဝတ်ပြီးပြီလေ"

တိုက်စစ်မှူးကိုရင်ချက်စူ ပြန်မချေပနိုင်အောင် အဖေဖြစ်သူရဲ့ ဥပဒေနဲ့အညီ လျှောက်တင်လိုက်တဲ့စကားက...

"တစ်ဝါတည်းမို့ ပြောတာပေါ့ဘုရာ့၊ နှစ်ဝါပြည့်မှ တစ်နီနဲ့ ထွက်ရမှာလေ"တဲ့။

ဖိုးစလုံး

# ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ်ပြန်လည်ထွက်ခွာ



ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသည့် ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ် HTMS Kraburi(FFG–457) အား တပ်မတော်(ရေ)မှအရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူးတို့က ပို့ဆောင်နှုတ်ဆက်စဉ်။



ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသည့် ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ် HTMS Kraburi(FFG–457) ပြန်လည်ထွက်ခွာစဉ်။

**နေပြည်တော် ဧပြီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသည့် ထိုင်းဘုရင့်ရေတပ်မှ စစ်ရေယာဉ် HTMS Kraburi(FFG–457) သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၊ သီလဝါဆိပ်ကမ်းမှပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူးတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်အားအဖွဲ့ခေါင်းဆောင်ဖြစ်သူ ထိုင်းဘုရင့်ရေတပ် 3rd Naval Area Command မှ Captain Natthawat Wichakul ဦးဆောင်၍ ချစ်ကြည်ရေးခရီးရောက်ရှိလာခြင်းဖြစ်ပြီး မတ်လ ၃၁ ရက်မှ ယနေ့ထိ ငါးရက်ကြာခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးသွားရောက်ခြင်းနှင့် နှစ်နိုင်ငံရေတပ် ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## ၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါတိုင်းတာမှတ်(၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$)နှင့် Carbon Monoxide(CO) စသည့် အဓိက Parameter (၆)မျိုးကို (၂၄)နာရီပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့် နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့်ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**၄-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး** (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့ Lotte Hotel ၌ The 2nd ASEAN Rice Trade Summit 2026 အခမ်းအနားကျင်းပ



**ရန်ကုန် ဧပြီ ၄**

The 2nd ASEAN Rice Trade Summit 2026 အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ Azalea Stars အဖွဲ့က မြန်မာ့ယဉ်ကျေးမှုအကအလှများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌဦးရဲမင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွှန့်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (MYANTRADE) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းတို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဒေသတွင်းဆန်စပါးဈေးကွက်အခြေအနေများ၊ လတ်တလောဖြစ်ပေါ်ပြောင်းလဲနေမှုများနှင့်ပတ်သက်၍ SS Rice News တို့မှ တာဝန်ရှိသူများက ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကို ဂုဏ်ပြုအမှတ်တရလက်ဆောင်များကိုပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြောင်းသိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ဆုကြေးငွေများပေးအပ်စဉ်။

➤ ကျောဖုံးမှအဆက်

KPDF အဖွဲ့ဝင် အမျိုးသား ၁ ဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၆ ဦး၊ စုစုပေါင်း အမျိုးသား ၈ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်၊ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ဦးစွာပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးမှ အလင်းဝင်ရောက်လာသူ လူငယ်များအား အသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 သေနတ် ၁ လက်၊ MA-4 သေနတ် ၁ လက်၊ M-22 သေနတ် ၁ လက်၊ K-25 လောင်ချာ ၂ လက်၊ K-25 သေနတ် ၁ လက်၊ M-23 စက်လက် ၁ လက်၊ M-80 တရုတ်စက်လက် ၁ လက်၊ Type-81 သေနတ် ၁ လက်၊ MG-1 လက်ပစ်ဗုံး ၁ လုံး၊ ၄၀ မမဗုံးသီး ၁၀ လုံး၊ ၅ ဒသမ ၅၆ မမကျည် ၃၂၆ တောင့်၊ ၇ ဒသမ ၆၂ မမကျည် ၄၀၅ တောင့်၊ ကျည်ခါးပတ်တွဲ ၁ ခု၊ ကျည်အိမ်မျိုးစုံ ၁၅ ခုနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၄ လက်အတွက် ငွေကျပ်သိန်း ၂၀၀၊ စက်လက် ၂ လက်အတွက် ငွေကျပ်သိန်း ၁၀၀၊ MA-4 ၁ လက်အတွက် ငွေကျပ် ၇၅ သိန်း၊ K-25 လောင်ချာ၂လက်အတွက်ငွေကျပ်သိန်း ၁၅၀၊ MG-1 လက်ပစ်ဗုံး ၁ လုံးအတွက် ငွေကျပ် ၃ သိန်း၊ စုစုပေါင်းငွေကျပ် ၅၂၈ သိန်းနှင့် အလင်းဝင်ရောက်လာသူများအတွက် ငွေကျပ်သိန်း ၈၀၊ စုစုပေါင်းငွေကျပ် ၆၀၈ သိန်းကိုပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အဦများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများ ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။





ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

"ရွှေမျောလုပ်နေရင်းနဲ့ ပေါ်တာအဆွဲခံရတာဖြစ်ပါတယ်။ ဆွဲတာက KIA တွေဆွဲတာ၊ အဲဒါပြီးတော့ ကျွန်တော့်ကို သင်တန်းကုန်းကို ပို့တယ်။ ကျွန်တော်တို့ အရှေ့မှာ နေရတာတွေက PDF တွေချည်းပဲ နေရတာ။ KIA တွေက အနောက်မှာပဲ နေတာဗျ။ အရှေ့မှာ နေတဲ့ PDF လူငယ်တွေ၊ ကျွန်တော်တို့ မြန်မာလူမျိုးတွေ အရှေ့မှာ တာဝန်ထမ်းဆောင်တဲ့ လူတွေက ကျည်ကာမပါ ဘာမပါနဲ့ ဒီတိုင်းသေနတ်တစ်လက်နဲ့ သူတို့ပေးတဲ့ ကျည်ဆန်နဲ့ အရှေ့မှာ စစ်တိုက်ခိုင်းတယ်၊ အနောက်မှာနေတဲ့ KIA တွေတော့ ကျည်ကာ Equipment အပြည့်အစုံနဲ့ နေရတာဗျ။ ပြီးတော့ ရပ်ရွာနေရာမှာပဲ သူတို့ အုပ်ချုပ်တယ်။ အခွန်တွေ ကောက်တယ်။ သူတို့ကျတော့ အနောက်မှာပဲ ကျည်လွတ်မြေမှာပဲ သူတို့နေကြတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ပြည်သူ့ကာကွယ်ရေးနဲ့ ပေါင်းတယ်ဆိုပြီးမှ သူတို့ နာမည်ခံမှတ်ယူတာ။ ရွာထဲမှာ ရပ်ထဲမှာကျရင် အိမ်ပိတ်ထားတဲ့ဟာတွေဆိုရင် အိမ်တွေကို ဖောက်တယ်။ အဲဒီမှာရှိတဲ့ သယံဇာတတွေ တစ်ခုခုပေ့ါ တန်ကြေးရှိတဲ့ဟာတွေ၊ နောက်ဆုံး ကျွန်တော်မြင်ခဲ့တာပြောရမယ်ဆိုရင်တော့ စက်ချုပ်တဲ့ အပ်ချုပ်စက်တွေကအစ၊ ပန်းအိုးတွေ အဲဒါတွေကအစ သူတို့ယူတယ် သိမ်းတယ်။ ပရိဘောဂပစ္စည်းတွေ သူတို့မှာ မရှိတဲ့ဟာတွေယူတယ်။ အလင်းဝင်ရောက်လာတဲ့အချိန်မှာ အစောကတော့ ကျွန်တော်တို့ ကြောက်ခဲ့တာပေ့ါ၊ တပ်မတော်ဘက်က အန္တရာယ်ပြုမှာတို့၊ ထောင်ချမှာတို့၊ သတ်ဖြတ်မှာတို့ ထင်ခဲ့တာ။ တကယ်တော့ အဲလိုမျိုးမဟုတ်ဘူး။ ဒီရောက်တော့ တကယ့်ညီအစ်ကိုရင်းချာလိုပဲ၊ မိသားစုဝေးကွာခဲ့တဲ့ မိသားစုကို ပြန်ပြီးဆုံတွေ့ရသလို ပျော်ပျော်ပါးပါးနဲ့ အဲလိုမျိုးကြိုဆိုတယ်။ ညီအစ်ကိုတွေ အမြန်ဆုံးလာခဲ့ပါ၊ အမြန်ဆုံး အလင်းဝင်လာခဲ့ပါ။ တပ်မတော်က နွေးနွေးထွေးထွေးနဲ့ကြိုဆိုပါတယ်။ လက်ဖျားနဲ့တောင်မှ မတို့ပါဘူးဗျာ။ ကောင်းကောင်းမွန်မွန်နွေးနွေးထွေးထွေးနဲ့ ကောင်းကောင်းမွန်မွန် ထားပြီးတော့ ကျွေးမွေးတယ်။ အဲဒါပြီးရင် ကျွန်တော့် မိဘရပ်ထံကို အပ်နှံပေးတယ်။ ပြီးတော့ ရိုက်နှက်တာ ဘာမှမရှိပါဘူးဗျ"ဟုပြောသည်။

"PDF အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ စည်းရုံးလှုံ့ဆော်မှုကို နားယောင်မိပြီးတော့ PDF အကြမ်းဖက်အဖွဲ့အစည်းဆီကို ရောက်ရှိခဲ့ပါတယ်။ သင်တန်းကာလမှာလည်း ကျွန်တော်တို့ကို ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံပါတယ်၊ ရဲမေတွေအပေါ်ကိုလည်း ထိကပါးရိကပါးတွေနဲ့လည်းဆက်ဆံကြပါတယ်၊ အချို့ရဲဘော်တွေဆိုရင် မနေချင်လို့ ထွက်ပြေးတယ်ဟေ့ဆိုရင် ပြန်လည်ခုခံတယ်ဟေ့ဆိုရင် သေနတ်နဲ့ပစ်ခတ်တာတွေလည်းရှိသလို၊ နောက်ပြန်ကြိုးနဲ့ တုပ်ဖမ်းတာတွေလည်းရှိပါတယ်။ အချို့ခေါင်းဆောင်တွေဆိုရင် ရဲဘော်တွေ ခံစားခွင့်တောင်မှ ဘာမှမပေးဘဲနဲ့ သူတို့ရှိသမျှ ပိုက်ဆံကို သူတို့အိတ်ထဲ ထည့်တာတွေလည်း ရှိခဲ့ပါတယ်၊ ကျွန်တော်တို့ကို KIA အသုံးချခံဆိုပြီးတော့မှ အဲလိုပုံစံမျိုးနဲ့ ကျွန်တော်တို့ကို ပစ်ထားပါတယ်။ ကျွန်တော်တို့က လာပြီးတော့အသက်စတေးရတာနဲ့လည်းတူတယ်၊ ဒါကြောင့်ကျွန်တော်ကလည်း အစကတည်းက မနေလည်းမနေချင်ဘူးဆိုတော့ နီးစပ်ရာတပ်စခန်းကို ဆက်သွယ်ပြီးမှ လက်နက်ချပြီးမှ အလင်းဝင်ခဲ့ပါတယ်။ အလင်းဝင်တဲ့အချိန်လည်း သက်ဆိုင်ရာဌာနသီးသီးကလည်း မိသားစုလို နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပါတယ်၊ ဖိတ်ခေါ်ပါတယ်၊ ကျွန်တော်တို့ကို အစားအသောက်၊ နေရေးထိုင်ရေးအားလုံးကျန်းမာရေးပါအစ အကုန်လုံးသူတို့ အကောင်းဆုံးလည်း ပြည့်စုံစွာထားပါတယ်။ တပ်မတော်ထံကို အလင်းဝင်ခဲ့ဖို့ ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်"ဟုပြောသည်။ (၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့်နေ့အပူချိန်များ

၄-၄-၂၀၂၆

| | | | | |
|---|---|---|---|---|
| ချောက် | ၄၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၂ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၂ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၁ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

## မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဧပြီ ၄

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ (မိုး/ဇလ)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးငြိမ်းအေးကို ယင်းဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ကျင်းပ

**နေပြည်တော် ဧပြီ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၄ ဌာနတွင် ကျင်းပရာ စာရင်းသွင်း ၇၀၀၁ ပါး/ဦး အနက် ၅၈၇၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၈၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

မြဝတီ

# တရားရေးအရာရှိကြီးများမွမ်းမံသင်တန်း အမှတ်စဉ် (၅)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၄**

တရားရေးအရာရှိကြီးများ မွမ်းမံသင်တန်းအမှတ်စဉ်(၅)သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားရေးကောလိပ် (Judicial College) ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။




သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းကာလမှာ ဖေဖော်ဝါရီလ ၃ ရက်မှ ဧပြီလ ၃ ရက်အထိ ရက်သတ္တကိုးပတ်ကြာမြင့်ကြောင်းနှင့်သင်တန်းသို့ ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်တရားသူကြီးနှင့် တွဲဖက်ခရိုင်တရားသူကြီး အဆင့်ရှိ သင်တန်းသား ၁၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

## (၃-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃,၆၄၈.၀၀-၃၆၆၈.၉၇ | ၅၅၅-၃၂-၅၅၈.၆၇ | ၁၂၄.၉၂-၁၂၅.၆၈ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၁,၉၉၅,၁၈၄.၀၁ | ၂,၅၅၅,၄၅၂.၇၃ | ၄၆,၃၀၁,၀၉၂.၀၄ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | ၃,၂၄၇,၄၆၄.၈၀ | | ၁,၇၈၆,၀၅၁.၄၉ | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေသြဇာ၊ ဆေးနှင့် ဆေးဝါးပစ္စည်း ကုန်ကြမ်းပစ္စည်း၊ တိရစ္ဆာန်အစာနှင့် ကုန်ကြမ်းပစ္စည်းများ၊ စက္ကူ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ မုယောနှင့် စားသုံးကုန်စည်များတင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။
- ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးခဲ့သည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၈ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ တိရစ္ဆာန်အစာနှင့် ကုန်ကြမ်းပစ္စည်းကဏ္ဍ၊ စားသောက်ကုန်ကြမ်းကဏ္ဍ၊ ဆိုင်ကယ်အပို ပစ္စည်းကဏ္ဍ၊ ဆေးနှင့် ဆေးဝါးပစ္စည်းကဏ္ဍ၊ စက်မှုကုန်ကြမ်းကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတို့သို့ အမေရိကန် ဒေါ်လာ ၀ ဒသမ ၇၆ သန်းကိုလည်းကောင်း၊ ထိုင်းဘတ် ၁ ဒသမ ၇၉ သန်းအား ကား/ဆိုင်ကယ်အပိုပစ္စည်းကဏ္ဍ၊ စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းကဏ္ဍနှင့် စားသောက်ကုန်ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚c | / | ၃၈˚c |
| ရန်ကုန် | ၂၄˚c | / | ၃၈˚c |
| မန္တလေး | ၂၆˚c | / | ၄၂˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## အကောက်ခွန်ဦးစီးဌာနက မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်းလုပ်ငန်းများအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းအသိပေးကြေညာချက်

➢ အကောက်ခွန်ဦးစီးဌာနသည် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

➢ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် အပြည်ပြည်ဆိုင်ရာလေကြောင်းများမှတစ်ဆင့် တင်သွင်း/ တင်ပို့မည့်ကုန်ပစ္စည်းများအား မဟာသင်္ကြန်ရုံးပိတ်ရက်ဖြစ်သော (၁၁-၄-၂၀၂၆)၊ (၁၃-၄-၂၀၂၆)၊ (၁၄-၄-၂၀၂၆) နှင့် (၁၅-၄-၂၀၂၆) ရက်နေ့တို့တွင် ရုံးချိန်ပြည့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

➢ ထို့ပြင် နိုင်ငံတော်လိုအပ်ချက်အရ အရေးတကြီးတင်သွင်းလာသောပစ္စည်းများ ထုတ်ယူနိုင်ရေးအတွက် ကြိုတင်လျှောက်ထားပါက တင်သွင်း/တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

➢ အချိန်ပို (Overtime) ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် တင်သွင်း/တင်ပို့လိုသော ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်နှင့်ပတ်သက်သော Deposit ငွေလုံလောက်စွာထားရှိသွားရန်နှင့် အချိန်ပိုလုပ်ငန်းဆောင်ရွက်လိုမှုအား (၁၀-၄-၂၀၂၆) ရက်နေ့၊ (၁၄:၀၀) အချိန်ထက်နောက်မကျဘဲ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

➢ Asia World ဆိပ်ကမ်းတွင် အကောက်ခွန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှစ်ဆန်း(၁)ရက်နေ့မှအပ ကျန်ရုံးပိတ်ရက်များတွင် ပို့ကုန်ကုန်သေတ္တာများ စစ်ဆေးတင်ပို့မှုအား အချိန်ပို (Overtime) ဆောင်ရွက်ပေးရန် လျှောက်ထားလာပါက အဆိုင်း (၃) ဆိုင်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

➢ လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသော နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေး လမ်းကြောင်းပေါ်ရှိ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတို့တွင် သင်္ကြန်ကာလအတွင်း ပိတ်ရက်မရှိလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

➢ ကုန်ပစ္စည်းများတင်သွင်း/တင်ပို့ရာတွင် အခက်အခဲများရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

| | | |
|---|---|---|
| ( က ) | ညွှန်ကြားရေးမှူး (ထုတ်/သွင်း) | - ၀၉-၂၅၀၂၅၄၂၀၈ |
| ( ခ ) | ညွှန်ကြားရေးမှူး (ကာကွယ်ရေး) | - ၀၉-၅၀၆၆၅၆၉ |
| ( ဂ ) | ဒုတိယညွှန်ကြားရေးမှူး (ထုတ်ကုန်) | - ၀၉-၇၈၅၀၅၅၄၅၆ |
| ( ဃ ) | ဒုတိယညွှန်ကြားရေးမှူး (သွင်းကုန်) | - ၀၉-၇၈၅၄၁၄၄၃၃ |
| ( င ) | ဒုတိယညွှန်ကြားရေးမှူး (ကာကွယ်ရေး) | - ၀၉-၄၄၅၁၇၉၆၉၈ |
| ( စ ) | ဒုတိယညွှန်ကြားရေးမှူး (လေဆိပ်) | - ၀၉-၅၄၀၈၉၅၇ |

**အကောက်ခွန်ဦးစီးဌာန**

**■ ရှေ့ဖုံးမှအဆက်**

ဖေဖော်ဝါရီလ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် မြစ်ကြီးနားလေဆိပ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ထိခိုက်မှုဖြစ်ပွားခဲ့သဖြင့် ဖေဖော်ဝါရီလ ၂၂ ရက်မှစတင်၍ လေယာဉ်ပြေးဆွဲမှုများကို ရက်ပေါင်း၄၀ ကျော်ကြာ ရပ်နားထားခဲ့ရခြင်းဖြစ်သည်။

ယနေ့တွင် ပြည်တွင်းပြေးဆွဲလျက်ရှိသော Air ThanLwin လေကြောင်းလိုင်း စတင်ပြေးဆွဲခြင်းဖြစ်ပြီး အများပြည်သူခရီးသွားလာမှုအဆင်ပြေစေရေးအတွက် မြစ်ကြီးနားလေဆိပ်မှ ပုံမှန်ပြေးဆွဲနေကြသော လေကြောင်းလိုင်းများဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း၊ Air ThanLwin လေကြောင်းလိုင်း၊ မန်းရတနာပုံလေကြောင်းလိုင်း၊ မင်္ဂလာလေကြောင်းလိုင်း စသည့်လေကြောင်းလိုင်းလေးခုမှ တစ်ပတ်လုံးအလှည့်ကျပြေးဆွဲသွားမည်ဖြစ်ကာ ပူတာအိုလေဆိပ်သို့လည်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တစ်ပတ်လျှင် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေ နှစ်ရက်ပြေးဆွဲ ပေးသွားမည် ဖြစ်သည့် အပြင် မန်းရတနာပုံ လေကြောင်းလိုင်းနှင့် မင်္ဂလာလေကြောင်းလိုင်းတို့မှလည်း ပူတာအိုသို့ ပြေးဆွဲနိုင်ရေးစီစဉ်ထားကြောင်း မြစ်ကြီးနားလေဆိပ်တာဝန်ခံ ဦးစည်သူက ပြောသည်။

ယခုအခါ လေကြောင်းလိုင်းများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ ခရီးသွားလာမှု၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကြောင့် ခရီးသွားလာမည့်သူများ ပိုမိုအဆင်ပြေသွားမည်ဖြစ်သည့်အပြင် ဌာနဆိုင်ရာများ၏ ရုံးလုပ်ငန်းများမှာလည်း ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း နေပြည်တော်ရင်ပြင်၌ လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၄

ယခုနှစ် ကျင်းပမည့် မဟာသင်္ကြန်ပွဲတော်သည် သာမန်ပျော်ပွဲရွှင်ပွဲတစ်ခုထက်ပို၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၊ ပြည်သူများအားလုံး ပူးပေါင်းပြီး စိတ်သစ်၊ လူသစ်၊ နိုင်ငံရေးအခင်းအကျင်းသစ်များဖြင့် အတူတကွပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်၊ အနှစ်သာရရှိသည့် မြန်မာ့ရိုးရာပွဲတော်တစ်ခုဖြစ်စေရန် ရည်ရွယ်ကျင်းပသွားမည်ဖြစ်ရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ရင်ပြင်၌ လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော်ရင်ပြင်၌ လမ်းလျှောက်သင်္ကြန်မုခ်ဦးတည်ဆောက်နေမှု၊ ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ရေး စီမံဆောင်ရွက်နေမှု၊ ဖွင့်ပွဲအခမ်းအနားတွင် ယိမ်းအဖွဲ့များ သီဆိုကပြဖျော်ဖြေတင်ဆက်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ မြန်မာ့ရိုးရာသနပ်ခါးနှင့်လက်ဖက်ပွဲတော်မဏ္ဍပ်နှင့်ထမနဲမဏ္ဍပ်တည်ဆောက်နေမှု၊ ဝန်ကြီးဌာနများအလိုက် မဟာသင်္ကြန်မဏ္ဍပ်များတည်ဆောက်နေမှု၊ စတုဒိသာကျွေးမွေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ လမ်းလျှောက်သင်္ကြန်ကျင်းပမည့် ဧရိယာအတွင်း မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် ရေပြတ်တောက်မှုမရှိစေရေးစီမံဆောင်ရွက်နေမှု၊ လမ်းလျှောက်သင်္ကြန် လာရောက်လည်ပတ်ကြသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး စီမံဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကော်မတီအသီးသီးအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် အချိန်မီပြီးစီးစေရေး ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

နေပြည်တော်ရင်ပြင်တွင် ကျင်းပမည့် လမ်းလျှောက်သင်္ကြန်၌ ပြည်တွင်းမှ နိုင်ငံကျော်အနုပညာရှင်များဖြစ်သည့် အကယ်ဒမီများရှင် ရန်အောင်၊ ထပ်ဆင့်အကယ်ဒမီ ရဲအောင်၊ ထပ်ဆင့်အကယ်ဒမီ နေအောင်၊ အကယ်ဒမီများရှင်စိုးမြတ်သူဇာနှင့်စည်သူလွင်၊ ဖိုးကာ၊ ဖြိုးကြီး၊ ဂျီလတ်၊ နော်နော်၊ ဝေလ၊ လွှမ်းပိုင်၊ ရွှေထူး၊ G Fatt၊ ဝနှ၊ ဖွဲထက်၊ Project K အဖွဲ့၊ မေခလာ၊ ကော်နီ၊ ထွန်းအိန္ဒြာဗိုလ်၊ ချောစုခင်၊ ဆုန်သင်းပါရ်၊ နန်းစုရတီစိုး၊ ရတနာမိုင်၊ Bobby Soxer ၊ ယွန်းမြတ်သူ၊ အယွန်းတို့က Mercury IX Music Band ၊ New Paper Music Band တို့နှင့် တွဲဖက်၍ ပြည်သူအကြိုက် တေးသီချင်းများဖြင့် ရက်အလိုက် ပါဝင်သီဆိုဖျော်ဖြေသွားကြမည်ဖြစ်ပြီး လာရောက်လည်ပတ်ကြမည့် ပြည်သူများအား ရွှေသံလွင်မိသားစုက စတုဒိသာအကျွေးအမွေးများဖြင့်လည်း ဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် (၁၃၈၇ ခုနှစ်) သင်္ကြန်တွင် နိုင်ငံတစ်ဝန်း၌ လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး အလှပြယာဉ်များ၊ ရေပက်ခံကားများဖြင့် ရေပက်ကစားခြင်း မပြုလုပ်ကြရန် စီမံထားရှိကြောင်း၊ ယိမ်းအကအဖွဲ့များကပြခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ လူကြီးသူမများအား ခေါင်းလျှော်၊ လက်သည်းညှပ်ပေးခြင်း၊ ဆေးဝါးများလှူဒါန်းခြင်း၊ ငါးလွှတ်ခြင်း စသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရမပျက် အလှူဒါနပြုလုပ်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



# ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းနှင့် ဥတ္တရာရုံဘုန်းကြီးကျောင်းဆရာတော်တို့ထံ ကယားပြည်နယ်ဝန်ကြီးချုပ် သွားရောက်ဖူးမြော်ကြည်ညို မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဧပြီ ၄

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစက္ကအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းနှင့်နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကာ ဆရာတော်ထံမှ ဩဝါဒခံယူသည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ရန်ပုံငွေဖြင့် ဆောက်လုပ်လှူဒါန်းထားရှိသည့် သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အဆောက်အအုံများ ရေရှည်တည်တံ့ရေးအတွက် စနစ်တကျ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဈေးပိုင်းရပ်ကွက်ရှိဥတ္တရာရုံပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိရာ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဇိနောဘာသအားဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းအဝင်မုခ်ဦးပြုပြင်တည်ဆောက်ရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများကိုမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ထမနဲသင်္ကြန်ကျင်းပမည့် မြန်မာ့စီးပွားရေးဘဏ်ရှေ့ မြေနေရာနှင့် သနပ်ခါးသင်္ကြန်ကျင်းပမည့် မြို့နာမ်စေတီတော်ရှေ့ မြေနေရာများနှင့်လမ်းလျှောက်သင်္ကြန်မုခ်ဦးဆောက်လုပ်နေမှုများ၊ လမ်းလျှောက်သင်္ကြန်တွင် ရေပန်းများစနစ်တကျတပ်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရန်၊ သင်္ကြန်ရေလုံလောက်စွာရရှိရန်နှင့် လမ်းလျှောက်သင်္ကြန်တွင်ပြည်သူများပျော်ရွှင်ချမ်းမြေ့စွာပါဝင်ဆင်နွှဲနိုင်ရေး ဆောင်ရွက်ပေးရန်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ခန်းမအတွင်း ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကိုယ်စားပြုသီရိမေယိမ်းအဖွဲ့၏ အကလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ယိမ်းအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ဥဩာတိုင်းသား

# တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများရောက်ရှိမှုနှင့် ပျိုးဥယျာဉ်များ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေး

စစ်တွေ ဧပြီ ၄

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့သို့ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောက်ရှိမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပျိုးဥယျာဉ်များတွင် ပျိုးပင်များပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဖောင်တော်ကြီးဆိပ်ကမ်း၌ စစ်တွေမြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ရန်ကုန်မြို့မှတည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောက်ရှိလာမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က စနစ်တကျ အတင်အချပြုလုပ်နိုင်ရေး၊ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ ဘေးအန္တရာယ် ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကိုမှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဖောင်တော်ကြီးဆိပ်ကမ်းတွင်ရောက်ရှိနေသော MV – ရွှေစင်လမင်းသင်္ဘောတွင် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့်စားသောက်ကုန် စုစုပေါင်း ၁၆၈၆ ဒသမ ၅ တန် တင်ဆောင်၍ ရန်ကုန်မြို့မှစစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်ပြီး MV–အောင်ရတနာဝမ်းသင်္ဘောပေါ်မှ ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ အတင်အချပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကုန်ပစ္စည်းများပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ လိုအပ်မှုမရှိသောနေရာများသို့ မရောက်ရှိစေရေး စနစ်တကျဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကိုမှာကြားသည်။

MV–အောင်ရတနာဝမ်းသင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်း စုစုပေါင်းတန်ချိန် ၆၅၀ တင်ဆောင်၍ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။



ယင်းနောက် စစ်တွေမြို့ ခိုင်သဇင်ပန်းခြံ ပျိုးဥယျာဉ်၌ ပျိုးပင်များပျိုးထောင်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သစ်တောဦးစီးဌာနခြံဝင်းအတွင်းရှိ ပျိုးဥယျာဉ်၌ ၂၀၂၆ ခုနှစ် မိုးရာသီတွင် ပြည်သူလူထုဖြန့်ဖြူးနိုင်ရန်အတွက် ပျိုးပင်များပျိုးထောင်ထားရှိမှုနှင့် ပရဆေးဥယျာဉ်အတွင်း၌ ဆေးဖက်ဝင်အပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးသည်။

တင်ထွန်း (ပြန်/ဆက်)

# တောင်ကြီးမြို့၊ ထန်းတပင်မြို့နှင့် ချမ်းအေးသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဧပြီ ၄

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ အရိယဝံသမြို့ဦးကျောင်းတိုက်ရှိ သံဃာတော်များအား အဆိုပါကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၈၂ ပါးအား အရိုးအကြောရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါကျောင်းတိုက်ဆရာတော်အား



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ငှက်သိုက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၁၂၅ ဦးတို့အား အဆိုပါကျေးရွာရှိ အောင်ချမ်းသာကျောင်းတိုက်၌အခြေပြု၍လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ မြို့လယ် ဆူးခါးကျောင်းတိုက်ရှိ သံဃာတော် ၁၆ ပါးနှင့် ဒေသခံပြည်သူ ၁၀၄ ဦးတို့အား အဆိုပါ ကျောင်းတိုက်ရှိ ဓမ္မာရုံ၌ အခြေပြု၍လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများအား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးမှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့်ဈေးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့်ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဧပြီ ၄

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့်အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အေးသာယာမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် အပါအဝင် မြို့နယ် ၁၈ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့်ဈေးများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက လမ်းဘေး ဝဲ/ယာ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Press Release

H.E. Mr. Daniel Ortega Saavedra and H.E. Mrs. Rosario Murillo, Co-Presidents of the Republic of the Nicaragua sends congratulatory message to H.E. Senior General Min Aung Hlaing, Acting President and Chairman of the State Security and Peace Commission of the Republic of the Union of Myanmar on his election as President of the Republic of the Union of Myanmar.

Excellency
Min Aung Hlaing,
President Elect of the
Republic of the Union of Myanmar
Nay Pyi Taw

On behalf of the People and Government of Reconciliation and National Unity of the Republic of Nicaragua, and on our own behalf, we wish to express our Warmest Congratulations on your Election as President of the Republic of the Union of Myanmar.

We take this opportunity to reiterate our commitment to continue strengthening the Bonds of Friendship and Solidarity that unite our Countries, with the certainty that we will continue advancing on the Paths of Peace, Stability, Progress, Well-being and Development for our Peoples.

From our Blessed and Always Free Nicaragua, please accept our Fraternal Embrace and the Affection of all Nicaraguan Families.

Daniel Ortega Saavedra
Rosario Murillo

# Parties, associations and organizations release special congratulatory statements on election of Senior General Min Aung Hlaing as President

NAY PYI TAW April 4

Senior General Min Aung Hlaing, selected as Vice-President by the group of elected Pyithu Hluttaw representatives, was elected as President by the Presidential Electoral College comprising all Pyidaungsu Hluttaw representatives at the presidential election on 3 April 2026. Hence, the New Generation Wunthanu Party, the Myanmar Hokkien Clan Association, the Myanmar-born Chinese Charity Association, the Myanmar-Chinese Chamber of Commerce, the Myanmar Wenzhou General Chamber of Commerce, the Myanmar-Anhui Chamber of Commerce, Yangon Yunnanese Association, the Guangdong Chamber of Commerce and Industry, the Myanmar-India Friendship Association, the Myanmar-India International Business Federation (MIIBF), the Association of Myanmar-Japan Socio- Economic Development Cooperation (AMJSEDC), the Myanmar Medical Council, the Myanmar Maternal and Child Welfare Association, the Myanmar Traditional Medical Council, the Myanmar Dental Medical Council, the Myanmar Private Hospitals Association, the Myanmar Pharmaceutical and Medical Device Manufacturer Association, the Myanmar Traditional Medicine Manufacturers and Medical Equipment Entrepreneurs Association, the Myanmar Nurse and Midwife Council, the Myanmar Red Cross Society, the Myanmar Chamber of Commerce for Pharmaceutical & Medical Device, the Myanmar Academy of Medical Sciences, the Myanmar Press Council, the Myanmar Interfaith Dialogue Group (Central), the Myanmar Motion Pictures Organization, the Islamic Religious Affairs Council Myanmar, the Myanmar Gems & Jewellery Entrepreneurs Association, the Myanmar Steel Association, and the Myanmar Wushu Federation issued the special congratulatory messages over the election of Senior General Min Aung Hlaing as President.

The statements expressed special pride and pleasure that Senior General Min Aung Hlaing was elected as the President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw. These associations and organizations conveyed full confidence that, as the President and with the new government, he will successfully lead the country's peaceful transition to a multi-party democratic system, implementing the policy of "Mother Figure People, Father Figure People", and fulfill the genuine wishes of the public in achieving durable peace, rule of law, and socio-economic development, and endeavours to keep abreast of international community. It was affirmed that the President would govern in accordance with the six cardinal principles of leadership. Wishes were also expressed that President Senior General Min Aung Hlaing may enjoy peace of mind, good health, and personal well-being, and carry out his responsibilities for the nation in a healthy and prosperous manner. Furthermore, it was hoped that the Republic of the Union of Myanmar would enjoy peace, prosperity, and further development.

**100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Sagaing District grows more than 2,000 acres of chilli



SAGAING April 4

A total of 2,295 acres of croplands has been placed under chilli plantations in Sagaing District of Sagaing Region this cold season, according to the District Agriculture Department.

During the 2025-2026 winter cropping season in Sagaing District, Sagaing Region, chilli cultivation has been planned for 2,373 acres. Planting began in October 2025, and as of today, a total of 2,295 acres have been planted—1,164 acres in Sagaing Township, 340 acres in Myinmu Township, and 791 acres in Myaung Township.

"In Sagaing District, chilli was planned for 2,373 acres, and planting has been completed on 2,295 acres. The cultivation conditions are favorable, and efforts are being made to promote chilli as a commercial crop," said Daw Myat Moe Win, Head of the Sagaing District Department of Agriculture.

For this season, the planned acreage for chilli cultivation by township is 1,152 acres in Sagaing Township, 450 acres in Myinmu Township, and 771 acres in Myaung Township, totalling 2,373 acres.

Farmers cultivating chilli are receiving technical guidance from township and district agricultural departments on practices to ensure high yields, access to markets, pest control, and soil nutrient management to enhance crop growth and quality.

Farmers need to cost Ks-1.5 million for cultivation of chilli per acre for the own croplands and Ks-2.5 million for the tenant croplands. Chilli can be plunked once every 15 days till six months. It yields some 100 viss per chilli at the beginning and then 400-500 viss per week.

**SK**

# Yinmabin District grows more than 14,000 acres of lablab beans

YINMABIN April 4

According to Sagaing Region Agriculture Department, local farmers planted 14,380 acres of lablab bean in Yinmabin District of Sagaing Region this cold season.

During the 2025-2026 winter cropping season in Yinmabin District, Sagaing Region, lablab bean cultivation has been planned for 14,435 acres. Planting began in October 2025, and as of today, a total of 14,380 acres have been planted—865 acres in Yinmabin Township and 13,515 acres in Kani Township.

"During this winter cropping season in Yinmabin District, lablab beans were planned for 14,435 acres, and 14,380 acres have already been planted. To ensure high yields and good quality, we have been working together with farmers to provide quality seeds, nutrient supplementation, and post-harvest technical guidance," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture.

For this season, the planned acreage by township is 1,197 acres in Yinmabin Township and 13,238 acres in Kani Township, totalling 14,435 acres.

Farmers in Yinmabin District are receiving guidance from township agricultural departments on expanding cultivation acreage, achieving high yields, adopting GAP (Good Agricultural Practices) methods, planting quality seeds, and cultivating high-yielding varieties.

It is noted that crops grown under the GAP system have higher quality than those grown using conventional methods, can fetch better prices, and can be sold not only in domestic markets but also exported to international markets. As a result, farmers who adopt these methods can achieve greater economic benefits.

**SMK**

# More than 19,000 acres of groundnut cultivated in Kalay Township



KALAY April 4

Statistics of Kalay Township Agriculture Department mentioned that local farmers planted 19,292 acres of groundnut as cold season crops in Kalay Township of Sagaing Region this year.

During the 2025-2026 winter cropping season, Kalay Township planned to cultivate groundnut on 19,283 acres. Planting began in October 2025, and as of today, a total of 19,292 acres have been successfully cultivated, according to reports.

"Kalay Township planned to cultivate groundnut on 19,283 acres during the winter cropping season and has managed to plant 19,292 acres. Groundnut cultivation is showing good and successful growth. As an oilseed crop, it is in a strong and successful position. Groundnut cultivation has been improving year by year," said Daw Mahn Ewl, Township Head of the Department of Agriculture in Kalay Township.

In Kalay Township, groundnut cultivation requires one and a half baskets of seed per acre. Including seed costs, labour charges, fertilizer, and pesticide expenses, production costs exceed Ks-200,000 per acre. Yields are reported to be more than 50 baskets per acre.

To ensure successful crop growth, prevent pest and disease outbreaks, and keep fields free of weeds, staff members from the Township Department of Agriculture are conducting field inspections, monitoring conditions, and collecting surveillance records through on-site visits.

**SK**

# Sagaing District cultivates more than 1,000 acres of niger

SAGAING April 4

Local farmers planted 1,846 acres of niger as cold season crops in Sagaing District of Sagaing Region this year, according to the District Agriculture Department.

During the 2025-2026 winter cropping season, Sagaing District planned to cultivate niger on 1,870 acres. Planting began in October 2025, and as of today, a total of 1,846 acres have been cultivated—1,090 acres in Sagaing Township and 756 acres in Myaung Township, according to reports.

"Niger is cultivated every year. It is used both as an edible oil and for medicinal purposes. This winter season, Sagaing District planned to cultivate niger on 1,870 acres, and at present, 1,846 acres have already been planted. Efforts are also being made to ensure cultivation meets the planned acreage target," said Daw Myat Moe Win, District Head of the Department of Agriculture in Sagaing District.

During the 2025-2026 winter cropping season, the township-wise cultivation targets for niger in Sagaing District were set at 1,115 acres in Sagaing Township and 755 acres in Myaung Township, totaling 1,870 acres.

Niger cultivation in Sagaing District is carried out regularly on a year-by-year basis. Within the Sagaing Region, niger and mustard crops are most commonly cultivated in Katha and Kawlin townships.

**SMK**

# German men could face penalties as conscription deadline passes – Berliner Zeitung



BARLIN April 4

German men who remain abroad for more than three months without prior approval may start facing penalties under a military-related legal requirement, according to the Berliner Zeitung.

The rule obliges men between the ages of 17 and 45 to obtain permission before extended stays abroad. It came into force on January 1, 2026, but April is when the first three-month period expires and enforcement may begin, the outlet has said.

Germany is in the process of a massive military buildup, with plans to spend reportedly more than €-500 billion (around US$-580 billion) on defence by 2029. German officials have set 2029 as the deadline for the armed forces to be "war-ready" for a potential conflict with Russia.

Moscow has repeatedly denied any plans to attack NATO as "nonsense" and ridiculed Western politicians over such claims. In February Foreign Minister Sergey Lavrov stated that Russia had "no reason" to attack the EU or NATO unless attacked first.

The new requirement, which was introduced under the Military Service Modernization Act and reportedly largely went unnoticed, previously applied only during a "state of tension" or a "state of defense," defined as situations of heightened external threat or armed attack. Since the amendment took effect, it now applies at all times, including in peacetime. The Defence Ministry said the measure is intended to maintain a reliable registry of individuals eligible for military service.

Several EU states, including Germany, have recently moved to reintroduce conscription. The German government has said the armed forces should grow from around 180,000 active soldiers to more than 260,000 by 2035.

Students staged protests in late March in German cities against Chancellor Friedrich Merz's plans to expand military service. Demonstrators accused the government of preparing forced mobilization, with some chanting that "Merz should go to the front himself and risk his own life."

The Defence Ministry said it is intended to keep track of individuals who may be abroad in case of emergency. The ministry reportedly described the consequences as "profound" and said further rules and procedures are still being developed.

**RT**

# Russia warns of rising nuclear risk after U.S.-Israeli strike near Iran's Bushehr plant

MOSCOW April 4

The risk of a nuclear incident is on the rise following a U.S.-Israeli strike near Iran's Bushehr nuclear power plant, the head of Russia's state nuclear corporation Rosatom said Saturday.

Iran confirmed that a projectile hit near the country's only operating nuclear power plant on Saturday, killing one security worker and marking the fourth such attack since the war began.

Rosatom Director General Alexei Likhachev said it remains unclear whether the strike was accidental or deliberate, warning that the situation around the plant is developing toward a worst-case scenario.

He added that Rosatom has begun evacuating its personnel from the plant, transporting staff by bus to the Iranian-Armenian border for their return to Russia via Armenia.

Russian Foreign Ministry spokeswoman Maria Zakharova condemned Saturday's strike, noting that the situation at Bushehr is "increasingly approaching a dangerous point."

"The worst can still be avoided, but to achieve this, strikes on Iranian nuclear facilities, including the Bushehr nuclear power plant, must cease immediately," she said.

The International Atomic Energy Agency called for maximum military restraint to avoid the "risk of a nuclear accident," noting that there was "no increase in radiation levels" after Saturday's attack.

**Xinhua**

# Flood in Indonesia's Central Java leaves 1 missing, 3,000 evacuated



JAKARTA April 4

Flooding in Demak regency, Indonesia's Central Java province, has forced around 3,000 residents to evacuate, with one person reported missing, the country's National Disaster Management Agency said on Saturday.

The disaster was triggered by heavy rainfall in upstream areas, which increased water discharge and caused embankments in Dukuh Solowere and Dukuh Selodoko to collapse, inundating nearby residential areas.

"A total of 1,070 households, or 4,280 people, were affected. Of these, 2,839 residents have been evacuated to several shelters, while one resident remains missing," the agency's spokesperson Abdul Muhari said in a written statement.

A rapid assessment conducted by the Demak Regional Disaster Management Agency showed that eight villages across four districts were affected.

Local authorities and emergency teams have evacuated residents, set up temporary shelters, distributed sandbags to reinforce damaged embankments, and provided food and medical assistance to evacuees. Search operations for the missing resident were ongoing.

**Xinhua**

# At least 1 dead, 47 injured in incident at stadium in Peru's capital

LIMA April 4

At least one person died and 47 others were injured Friday night in an incident at Alejandro Villanueva Stadium in Peru's capital here, authorities said.

Local media reported that visitors to the stadium were pushing each other due to a lack of space. The situation escalated when several people fell and were trampled by the crowd, causing multiple injuries and the death of one person who did not receive medical attention in time.

The Municipality of La Victoria, the district where the stadium is located, announced the closure of the stadium, adding that authorities are investigating who might have been responsible.

**Xinhua**

# Individuals involved in online gambling and fraud operations, along with related equipment, arrested in northern Shan State's Tangyan Township and Muse Town

NAY PYI TAW April 4

The Myanmar government stated that it is prioritizing the fight against online fraud and illegal online gambling—activities that pose threats both regionally and globally—as a national responsibility. Efforts are being carried out in coordination not only with domestic forces but also with neighbouring countries to ensure such criminal operations cannot be based within Myanmar.

Acting on tip-offs from local residents who oppose these activities, joint security forces conducted inspections and investigations this morning in Tangyan Township, Shan State (North). During the operation, they discovered facilities used by online scam and gambling groups near Kaung San Village, approximately 25,000 meters northeast of the town. The site included three dormitories, two workshops, one dining hall, two kitchens, and 15 buildings under construction. A total of 121 individuals were arrested at the location, including 100 Chinese men, one Chinese woman, 12 Myanmar men, and eight Myanmar women. Authorities also seized equipment including two all-in-one computers, one desktop set, 21 laptops, 118 mobile phones, 16 Starlink devices, 13 wireless routers, and two generators.

In a separate operation the same evening, security personnel conducted a search in the Man Wein area of Swam Saw Ward in Muse ,Shan State(North), following reports of similar activities. Seven Chinese male suspects were arrested along with 36 mobile phones and 23 computers.

Officials stated that the suspects will face strict legal action in accordance with existing laws after investigations are completed. Seized materials will also be handled according to established procedures.

The government reiterated its commitment to eliminating online scam and gambling operations and preventing them from taking root in the country. It added that cooperation with neighbouring nations, regional partners, and international organizations will continue to strengthen efforts to combat such crimes. **100**



During the arrest of individuals involved in online gambling and fraud in Tangyan Township.

50 Chinese male nationals seen.



During the arrest of individuals involved in online gambling and fraud in Tangyan Township.

1 Chinese female national seen.



Equipment used in online gambling and fraud operations in Tangyan Township seen.

Workshop



The house in Muse, Swam Saw Ward, where individuals involved in online gambling and fraud were arrested along with related equipment.



Equipment used in online gambling and fraud operations in Tangyan Township seen.

Kitchen



Equipment used in online gambling and fraud operations in Tangyan Township seen.

Living quarters



Equipment used in online gambling and fraud operations in Tangyan Township seen.

Building under construction



Individuals involved in online gambling and fraud were arrested along with related equipment.



Equipment used in online gambling and fraud operations in Tangyan Township seen.

118 various phones

## မျက်မှောက်ကာလ အရှေ့အလယ်ပိုင်းရေးရာ

နိုင်အောင် စုစည်းသည်

# အလျှော့မပေးဘဲလက်တုံ့ပြန်နေသည့် အီရန်နှင့်အမေရိကန်တို့၏ ဟော်မုရေလက်ကြားဖွင့်လှစ်ရေးကြိုးပမ်းမှု

အီရန်ကထိန်းချုပ်ထားသည့် ဟော်မုရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ပြီး ရေနံများ စတင်သယ်ယူနိုင်ရန်အတွက် အချိန်အနည်းငယ်သာလိုအပ်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဧပြီလ ၃ ရက်တွင် ပြောကြားလိုက်သည်ကိုတွေ့ရသည်။



အမေရိကန်အနေဖြင့် အချိန်အနည်းငယ်ယူ၍လုပ်ဆောင်နိုင်မည်ဆိုပါက မိမိတို့အနေဖြင့် ဟော်မုရေလက်ကြားကို အလွယ်တကူ ဖွင့်လှစ်နိုင်မည်ဖြစ်သည်ဟု ထရမ့်က ၎င်း၏လူမှုကွန်ရက်ပေါ်တွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

သို့သော် အီရန်နှင့်လက်ရှိဖြစ်ပွားနေသည့် စစ်ပွဲပြီးဆုံးသွားသည့်တိုင်အောင် အီရန်နိုင်ငံက အဆိုပါရေလက်ကြားကို ဆက်လက်ထိန်းချုပ်ထားနိုင်ပါက ထိုသို့သောအခြေအနေမျိုးကို အမေရိကန်အစိုးရ၏ဗျူဟာမြောက် ရှုံးနိမ့်မှုတစ်ခုအဖြစ် နိုင်ငံတကာအသိုက်အဝန်းက ရှုမြင်ကြမည်ဖြစ်ကြောင်း အနောက်နိုင်ငံမှ သတင်းဌာနကြီးတစ်ခု ထောက်ပြထားသည်။

ထိုသို့သောအခြေအနေမျိုးတွင် အီရန်အနေဖြင့်ဟော်မုရေလက်ကြားမှဖြတ်သန်းသွားလာသည့်ရေနံတင်သင်္ဘောများအပေါ် အခွန်အခများကောက်ခံခြင်းဖြင့် ငွေကြေးအကျိုးအမြတ်ရှာဖွေရန်ကြိုးပမ်းလာမည်ဖြစ်ကြောင်း အဆိုပါသတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

လက်ရှိတွင် အီရန်နိုင်ငံသည် အခြေခံစားသောက်ကုန်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ တင်ဆောင်လာသည့် သင်္ဘောများအား ဟော်မုရေလက်ကြားမှတစ်ဆင့် ဖြတ်သန်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း တက်စမင်သတင်းဌာနက ဧပြီလ ၄ ရက်တွင် ဖော်ပြထားသည်။

တစ်နည်းအားဖြင့်ဆိုရပါမူ အခြေခံစားသောက်ကုန်များနှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ တင်ဆောင်လာသည့်သင်္ဘောများအနေဖြင့် အီရန်နိုင်ငံအတွင်းရှိ ဆိပ်ကမ်းများသို့မဟုတ် အိုမန်ပင်လယ်ကွေ့တွင်တည်ရှိသောဆိပ်ကမ်းများသို့ ဟော်မုရေလက်ကြားမှတစ်ဆင့် ဖြတ်သန်းသွားလာခွင့်ပြုလိုက်ပြီဖြစ်သည်။

ထို့ပြင် အီရန်နိုင်ငံသည် ၎င်းနှင့်ဆက်ဆံရေးကောင်းမွန်နေသည့် နိုင်ငံများမှ သင်္ဘောများကိုလည်း ရေလက်ကြားမှတစ်ဆင့်ဖြတ်သန်းခွင့်ပေးထားပြီဖြစ်သည်။ သို့သော် အမေရိကန်၊ အစ္စရေးနိုင်ငံတို့နှင့် ဆက်နွှယ်နေသည့်နိုင်ငံများကိုမူ ဆက်လက်ပိတ်ပင်ထားဆဲပင်ဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် အမေရိကန်သမ္မတထရမ့်၏ပြောဆိုချက်များသည် အကောင်းမြင်လွန်းနေသည်ဟု အကဲခတ်သူများနှင့် လေ့လာသူများက ပြောဆိုထားသည်။

အကြောင်းမှာ အီရန်အနေဖြင့် စွမ်းအင်ကြွယ်ဝပြီး ဒုံးကျည်နည်းပညာမြင့်မားသည့် နိုင်ငံတစ်နိုင်ငံအဖြစ် အရှေ့အလယ်ပိုင်းတွင် အမေရိကန်ကို အန်တုနိုင်ရန်အတွက် ဟော်မုရေလက်ကြားကို ဆက်လက်ထိန်းချုပ်နိုင်မှသာဖြစ်နိုင်မည်ကို အီရန်မူဝါဒချမှတ်သူများက သဘောပေါက်ထားသလို အမေရိကန်ထောက်လှမ်းရေးအရာရှိများကလည်း ယင်းအချက်ကိုနားလည်ထားသည်။

ထို့ပြင် အီရန်အစိုးရသည် အမေရိကန်ပြည်ထောင်စုက ၄၈ နာရီကြာ အပစ်အခတ်ရပ်စဲရန် ကမ်းလှမ်းခဲ့သော်လည်း အဆိုပါကမ်းလှမ်းမှုကို အကြောင်းပြန်ခြင်းမရှိဘဲငြင်းပယ်ခဲ့ပြီး ပြင်းထန်သောတိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိနေခြင်းကလည်း ဟော်မုရေလက်ကြားပြန်လည်ဖွင့်လှစ်ရေး အမေရိကန်တို့၏ကြိုးပမ်းမှုကို အီရန်ဘက်က ငြင်းဆန်နေခြင်းကို ပြသနေခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

ထို့ကြောင့်ပင် အမေရိကန်နှင့် အစ္စရေးတို့သည် အီရန်မြို့တော်တီဟီရန်အပါအဝင် တစ်နိုင်ငံလုံးအနှံ့တွင် ဗုံးကြဲတိုက်ခိုက်မှုများ လုပ်ဆောင်နေလင့်ကစား အီရန်အနေဖြင့် ဒေသတွင်းရှိ အမေရိကန်နှင့် အစ္စရေးတို့၏ စစ်ဘက်နှင့်စီးပွားရေးနှင့် အခြားနည်းပညာဆိုင်ရာအခြေခံအဆောက်အဦများကိုပါ လက်တုံ့ပြန်လျက်ရှိနေခြင်းကြောင့် ရေလက်ကြားပြန်လည်ဖွင့်လှစ်နိုင်မည်ဟူသော ထရမ့်၏အိပ်မက်သည် လောလောဆယ်တွင် အလှမ်းဝေးကွာနေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **Ref: Iv**

## အီရန်ရှိ ဘူရှာနျူကလီးယားစက်ရုံကို အမေရိကန်နှင့်အစ္စရေးတို့ တိုက်ခိုက်




အမေရိကန်-အစ္စရေးတို့က အီရန်နိုင်ငံရှိ ဘူရှာနျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဧပြီလ ၄ ရက်တွင် တိုက်ခိုက်ခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ကြောင်း အီရန်နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

အမေရိကန်နှင့်အစ္စရေးတို့က ပစ်ခတ်လိုက်သည့် လက်နက်တစ်ခုသည် အဆိုပါစက်ရုံအနီးတွင် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၃၀ ခန့်က ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း IRNA သတင်းဌာနက ဖော်ပြထားသည်။

ယခုလုပ်ဆောင်သည့် အမေရိကန်နှင့် အစ္စရေးတို့၏တိုက်ခိုက်မှုသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၈ ရက်တွင် အီရန်နှင့် အမေရိကန်-အစ္စရေးတို့အကြား စစ်ပွဲစတင်ဖြစ်ပွားချိန်မှစ၍ အဆိုပါစက်ရုံအပေါ်လုပ်ဆောင်ခဲ့သည့် စတုတ္ထအကြိမ်မြောက်တိုက်ခိုက်မှုဖြစ်သည်။ အဆိုပါနျူကလီးယားစက်ရုံသည် အီရန်နိုင်ငံတောင်ပိုင်း ပင်လယ်ကွေ့ကမ်းရိုးတန်းတွင် တည်ရှိကြောင်းသိရသည်။

အဆိုပါတိုက်ခိုက်မှုကြောင့် စက်ရုံလုံခြုံရေးဝန်ထမ်းတစ်ဦး သေဆုံးခဲ့သော်လည်း စက်ရုံမှာမူ ထိခိုက်ပျက်စီးမှုမရှိကြောင်း နိုင်ငံပိုင် IRNA သတင်းဌာနက ဆက်လက်ဖော်ပြထားသည်။ ထို့ပြင် အဆိုပါနျူကလီးယားစက်ရုံအား ထပ်မံတိုက်ခိုက်ခြင်းမပြုရန်လည်း အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်အာရက်ချီက အမေရိကန်နှင့် အစ္စရေးတို့အား သတိပေးပြောကြားခဲ့ကြောင်းသိရသည်။ **Ref: ST**

## အမေရိကန်တိုက်လေယာဉ်တစ်စင်းကို အီရန်ပစ်ချ ကယ်ဆယ်ရေးလုပ်ဆောင်သည့် ရဟတ်ယာဉ်နှစ်စင်းအား ထပ်မံတိုက်ခိုက်

အီရန်တပ်မတော်သည် ၎င်းတို့၏နိုင်ငံပိုင်နက်အတွင်း အမေရိကန်တို့၏ F-35 တိုက်လေယာဉ်တစ်စင်းကို ပစ်ချနိုင်ခဲ့ကြောင်း တက်စနင်သတင်းဌာန အပါအဝင် ဒေသတွင်းသတင်းမီဒီယာများက ဖော်ပြသည်။

အမေရိကန်တိုက်လေယာဉ်ပျက်ကျသည့်နေရာဟုယူဆရသောနေရာမှဓာတ်ပုံများနှင့် ဗီဒီယိုဖိုင်များ ထွက်ပေါ်လာခဲ့ရာ ယင်းနေရာတွင် လေယာဉ်အပျက်အစီးများနှင့် လေယာဉ်မှူး ထိုင်ခုံတို့ပါဝင်သည်။ ထို့ပြင် ဓာတ်ပုံများအနက်တွင် ဥရောပရှိ အမေရိကန်လေတပ်မတော်ဟု ရေးသားထားသော အမှတ်အသားပါဝင်သည့် လေယာဉ်အမြီးပိုင်းနှင့် အခြားအစိတ်အပိုင်းများကို တွေ့ရှိရကြောင်းသိရသည်။

သို့သော်လည်း ပျက်ကျသွားသည့် လေယာဉ်မှာ F-15 အမျိုးအစားဖြစ်ကြောင်း အမေရိကန်အရာရှိများကအတည်ပြုခဲ့ပြီး လေယာဉ်မှူးတစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ထုတ်ပြန်ထားသည်။


ဗြိတိန်နိုင်ငံထုတ် ဂါဒီးယန်းသတင်းစာ၏ ဖော်ပြချက်အရ အဆိုပါပျက်ကျခဲ့သည့် လေယာဉ်မှာ ဗြိတိန်နိုင်ငံ လေကင်ဟိသ်ဒေသရှိ ဗြိတိန်တော်ဝင်လေတပ်ဖွဲ့၏ အခြေစိုက်စခန်းတွင်အခြေပြုသည့် အမှတ် ၄၉၄ အမေရိကန်လေယာဉ်အုပ်မှလေယာဉ်တစ်စင်းဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ပျက်ကျသွားသော တိုက်လေယာဉ်မှာ F-35 အမျိုးအစားမဟုတ်ဘဲ F-15 အမျိုးအစား တိုက်လေယာဉ်ဖြစ်ကြောင်း လေယာဉ်ပေါ်တွင်လိုက်ပါသွားသည့် လေယာဉ်မှူးနှစ်ဦးအနက် တစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ကျန်တစ်ဦးကို ကယ်ဆယ်နိုင်ရန်အတွက်ဆက်လက်ရှာဖွေနေသည့် ကယ်ဆယ်ရေးရဟတ်ယာဉ်နှစ်စင်းအား အီရန်တပ်မတော်က ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု NBC သတင်းဌာနက ဖော်ပြထားသည်။


အဆိုပါကယ်ဆယ်ရေးရဟတ်ယာဉ်များသည် အီရန်နိုင်ငံအတွင်း ပျက်ကျခဲ့သည့် F-15 တိုက်လေယာဉ်မှလေယာဉ်မှူးတစ်ဦးကို ရှာဖွေနေစဉ်အတွင်း ပစ်ခတ်ခံခဲ့ရခြင်းဖြစ်သည်။

ကယ်ဆယ်ရေးရဟတ်ယာဉ်များ ပစ်ခတ်ခံခဲ့ရသော်လည်း ရဟတ်ယာဉ်နှစ်စင်းလုံးသည် စခန်းသို့ဘေးကင်းစွာပြန်လည်ရောက်ရှိခဲ့ကြောင်း၊ သို့သော် အီရန်၏ပစ်ခတ်မှုကြောင့် ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အမေရိကန်တပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း အမေရိကန်အရာရှိများက အတည်ပြုထားသည်။

**Ref: RT, Iv**



## အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် ရုရှားရေနံနှင့်သဘာဝဓာတ်ငွေ့များ တင်သွင်းမှုကန့်သတ်ထားခြင်းအား ရုပ်သိမ်းပေးရေး တောင်းဆိုသွားမည်ဟု ဟန်ဂေရီနှင့် ဆလိုဗက်ကီးယားက သဘောတူ




**ဘူဒါပက်၊ စွမ်းအင်**

အရှေ့အလယ်ပိုင်း ပဋိပက္ခများကြောင့် စွမ်းအင်အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် ဥရောပနိုင်ငံများသို့ ရုရှားရေနံနှင့် သဘာဝဓာတ်ငွေ့များ တင်သွင်းမှုကို ကန့်သတ်ထားခြင်းအား ရုပ်သိမ်းပေးရေးအတွက် ဥရောပသမဂ္ဂထံတောင်းဆိုသွားမည်ဟု ဟန်ဂေရီနှင့် ဆလိုဗက်ကီးယားနိုင်ငံတို့က သဘောတူညီလိုက်ကြောင်းသိရသည်။

အဆိုပါသဘောတူညီချက်သည် ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကိုနှင့် ဖုန်းမှတစ်ဆင့် ပြောဆိုဆွေးနွေးပြီးနောက်ပိုင်းတွင် ဟန်ဂေရီဝန်ကြီးချုပ်ဗစ်တာအော်ဘန်က ပြောကြားခြင်းဖြစ်သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုန်ကြမ်းနှင့် လောင်စာဆီပြတ်လပ်မှုမရှိစေရန်နှင့် စွမ်းအင်ဈေးနှုန်းများမြင့်တက်လာမှုကိုရှောင်ရှားနိုင်ရန် အရေးပေါ်ဆောင်ရွက်မှုများ လုပ်ဆောင်ရန်လိုအပ်သည်ဟုရှုမြင်လျက်ရှိကြောင်း ဟန်ဂေရီနှင့် ဆလိုဗက်ကီးယားနိုင်ငံတို့က ပြောကြားထားသည်။

ထို့ကြောင့် ဥရောပသမဂ္ဂအနေဖြင့် ရုရှားစွမ်းအင်အပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများနှင့် ကန့်သတ်မှုများကို ချက်ချင်းရုပ်သိမ်းပေးရန်တောင်းဆိုကြောင်း အော်ဘန်က ဟန်ဂေရီရုပ်သံမှတစ်ဆင့် ဗီဒီယိုမိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဥရောပနိုင်ငံများ၏ စီးပွားရေးသည် စွမ်းအင်ပြတ်လပ်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရပြီး စွမ်းအင်ဈေးနှုန်းများမြင့်တက်လာနေကြောင်း၊ ထို့ကြောင့် ဥရောပသမဂ္ဂအနေဖြင့်ဖြစ်နိုင်သမျှ အရင်းအမြစ်အားလုံးကို အသုံးပြုခြင်းအားဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကို တတ်နိုင်သမျှ ပမာဏအများအပြားကို အမြန်ဆုံးဖြည့်တင်းမှသာ အဆိုပါအန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဟန်ဂေရီဝန်ကြီးချုပ် အော်ဘန်က ဆက်လက်ပြောကြားခဲ့ကြောင်းသိရသည်။ **Ref: IV**

## ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် အလွန်အန္တရာယ်ရှိသော လေထုညစ်ညမ်းမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရ




**ချင်းမိုင်၊ သဘာဝဘေး**

ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ဧပြီလ ၄ ရက်က ပြင်းထန်သော လေထုညစ်ညမ်းမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး လေထုညစ်ညမ်းမှုမှာ အလွန်အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိနေကြောင်းသိရသည်။

အဆိုပါမြို့ မဲရိမ်းခရိုင်ရှိ နခွန်ပင်းဆေးရုံ၌ ဒေသစံတော်ချိန် နံနက် ၉ နာရီအချိန်တိုင်းတာရရှိသော လေထုညစ်ညမ်းမှုပမာဏမှာ တစ်ကုဗမီတာလျှင် ၄၀၉ မိုက်ခရိုဂရမ်အထိမြင့်တက်လာခဲ့ရာ ယင်းပမာဏမှာ လူသားများ၏ကျန်းမာရေးအတွက် အလွန်အန္တရာယ်ရှိသောအဆင့်ဖြစ်သည်ဟု သတ်မှတ်ထားကြောင်းသိရသည်။

